The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (14-10-2014) (၇၉၉၃)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၀)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် အီတလီနိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၁၀)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် အီတလီနိုင်ငံ မီလန်မြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**



# လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဩစတြေးလျအမျိုးသား တက္ကသိုလ် ပါမောက္ခချုပ် မစ္စတာ ဂရက်ဂျွန်အီဗန်အား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှု၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တနင်္သာရီမြို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော နဂါးလှေသဘင်ပွဲတော် ကျင်းပ



**မြိတ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၏ ရှေးဟောင်းရိုးရာအမွေအနှစ်တစ်ခု ဖြစ်သော နဂါးလှေသဘင်ပွဲတော်ကို အောက်တိုဘာ ၁၂ ရက် (သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) နံနက် ၇ နာရီက တနင်္သာရီမြို့မှ ငွေနန်းသာရီ၊ ရွှေနန်းသာရီနဂါးလှေတော် နှစ်စင်းနှင့် လယ်သစ်ကျေးရွာမှ ရန်ကြီးအောင်၊ မြကြီးအောင်၊ ပတ္တမြားသွယ်၊ စိန်ပန်းသွယ် နဂါးလှေတော်လေးစင်း စုစုပေါင်း နဂါးလှေတော်ခြောက်စင်းတို့ဖြင့် ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ်နှစ်သွယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ယခင်နှစ်က နဂါးလှေတော်ငါးစင်းဖြင့် အလှပြလှော်ခတ်ပူဇော်ခဲ့သော်လည်း ယခုနှစ်တွင် တနင်္သာရီမြို့မှ ငွေနန်းသာရီ နဂါးလှေတော်တစ်စင်း ထပ်တိုးလာ၍ လှေတော်ခြောက်စင်းဖြင့် နံနက် ၆ နာရီခွဲတွင် ရွှေလိပ်ပြာ လှေဆိပ်စုရပ်နှင့် ဘန်ဂလိုလှေဆိပ်စုရပ်တို့မှ စတင်ထွက်ခွာလာရာ နဝထပ် (နဂါးကပ်တောင်) စေတီ၊ ဝက်ဘာတောင်စေတီနှင့် ရန်ပြေအောင်မြေစေတီတော်တို့ကို ဦးခိုက်ပူဇော်ကန်တော့ပြီး မြို့ကို လက်ယာရစ်လှည့်ပတ်ကာ တနင်္သာရီမြစ်အတွင်း ဇောကျူးရင့်ရင်း ညီညာစွာ အလှပြလှော်ခတ်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မြို့နယ် သံဃနာယကအဖွဲ့ ဦးစီးပဓာန နာယက ချောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာဒီပနှင့် သံဃာတော်များအား ငွေနန်းသာရီ၊ ရွှေနန်းသာရီ၊ ရန်ကြီးအောင်၊ မြကြီးအောင်၊ ပတ္တမြားသွယ်နှင့် စိန်ပန်းသွယ် နဂါးလှေတော် ခြောက်စင်းတို့မှ လှေလှော်သား ၂၃၀ တို့က မြို့အဝင်ဆိပ်ခံတံတား ယာယီမဏ္ဍပ်၌ ညီညာစွာဦးခိုက်ပြီး ဆရာတော် သံဃာတော်များက ပဋ္ဌာန်းရေ

**စာမျက်နှာ ၃ ကော်လံ ၃ သို့**



**ကြေးမုံစာတည်းရှုထောင့်** **၁၄-၁၀-၂၀၁၄၊ အင်္ဂါနေ့**

# ဒီမိုကရေစီအလေ့အကျင့်ကောင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တစ်ပြိုင်တည်း ကျင်းပတော့မည်ဖြစ်သည်။

မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအနေဖြင့် မိမိတို့၏ မြို့ရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လက်တွေ့ကျကျဆောင်ရွက်နိုင်မည့်သူများအား ရွေးချယ်တင်မြှောက်နိုင်တော့မည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်နှင့် လိုက်လျောညီထွေစွာဖြင့် လွတ်လပ်ပွင့်လင်းစွာ ရွေးချယ်နိုင်သည့် အခွင့်အလမ်းကောင်းကို ပြည်သူများအတွက် ဖော်ထုတ်ပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါစနစ်မှာ ယခုမှစတင်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ကိုလိုနီခေတ်ကတည်းက ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုစဉ်က မြူနီစီပယ်လူကြီးဟု ခေါ်တွင်ခဲ့ကြပြီး ရွေးကောက်တင်မြှောက်ထားသော မြူနီစီပယ်လူကြီးအဆင့်ဆင့်တို့က မိမိတို့မြို့ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် စည်ပင်သာယာရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး မြူနီစီပယ်လူကြီး ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းကို မဆောင်ရွက်နိုင်ခဲ့သည်မှာ ၆၄ နှစ်ကြာခဲ့ပြီဖြစ်သည်။

ယနေ့ ထိုရွေးကောက်တင်မြှောက်ပွဲများကို ပြန်လည်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။ ရွေးချယ်တင်မြှောက်ပွဲတွင် မြို့တော်ကော်မရှင်အဖွဲ့က ရွေးချယ်စိစစ်ပေးနိုင်ရန်အတွက် အငြိမ်းစားအရာရှိများ ပါဝင်သည့် ကော်မရှင်အဖွဲ့ဝင် ငါးဦးကို ဖွဲ့စည်းပေးထားသည်။ သို့ဖြစ်၍ ရွေးချယ်တင်မြှောက်ပွဲအတွက် နှစ်လခွဲခန့်သာလိုတော့သည့်ကာလတွင် အရွေးချယ်ခံကိုယ်စားလှယ်လောင်း၊ မဲဆန္ဒရှင်ကိုယ်စားလှယ်နှင့် ရွေးကောက်တင်မြှောက်ပုံစနစ်တို့ကို ပြည်သူများအနေဖြင့် ဂဃနဏသိရှိထားရန် လိုအပ်ပေလိမ့်မည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မဲပေးနိုင်သော ပြည်သူ ရှစ်သိန်းကျော်ရှိသည်။အိမ်ထောင်စုတစ်စုလျှင် မဲဆန္ဒရှင်တစ်ဦး ကိုယ်စားပြုမဲပေးနိုင်ကြောင်း အသိပေးထားသည်။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေလည်း ပြဋ္ဌာန်းထားသည်။ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်ပြီး လျှို့ဝှက်မဲပေးသည့်စနစ်ကို ကျင့်သုံးထားကာ ပါတီစုံဒီမိုကရေစီ ရွေးချယ်တင်မြှောက်ပွဲစနစ်ပုံစံအတိုင်း ဆောင်ရွက်သွားမည်ဟု ဆိုထားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မဲပေးနိုင်သော ပြည်သူများက ကော်မတီအဆင့်အဆင့်အတွက် ကိုယ်စားလှယ်လောင်း ၁၁၂ ဦးကို ရွေးကောက်ပေးရပေလိမ့်မည်။ လက်ရှိတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် လေးဦးလစ်လပ်လျက်ရှိသည်။ ထိုလေးဦးအတွက် ခရိုင်တစ်ခုလျှင် ကော်မတီဝင်တစ်ဦးစီဖြင့် ရန်ကုန်လေးခရိုင်မှ ကော်မတီဝင်လေးဦးကို မဲဆန္ဒရှင်များက ရွေးချယ်ပေးရမည်ဖြစ်သည်။

ခရိုင်စည်ပင်သာယာရေးကော်မတီအတွက် ခရိုင်တစ်ခုလျှင် ကော်မတီဝင် သုံးဦးစီဖြင့် လေးခရိုင်အတွက် ကော်မတီဝင် ၁၂ ဦး ရွေးချယ်ပေးရမည်ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွက် တစ်မြို့နယ်လျှင် သုံးဦးစီဖြင့် မြို့နယ် ၃၂ မြို့နယ်အတွက် အရွေးချယ်ခံကိုယ်စားလှယ်လောင်း ၉၆ ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။

ထိုသို့ရွေးချယ်နိုင်ရန်အတွက်လည်း အရွေးချယ်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခွင့်များကို နည်းဥပဒေနှင့်အညီ သက်ဆိုင်ရာက ခွင့်ပြုပေးမည်ဖြစ်ရာ မိမိတို့မြို့ပြများဖွံ့ဖြိုးရေးနှင့် မြို့နေပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အမှန်တကယ်စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးကြမည့် ကိုယ်စားလှယ်များကို ပြည်သူများက စနစ်တကျလေ့လာပြီး ရွေးကောက်တင်မြှောက်ပေးနိုင်ရန် ကြေးမုံက အသိပေးလိုက်ပါသည်။ ။

# (၉)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်အစည်းအဝေး ကျင်းပ

**ရန်ကုန်  အောက်တိုဘာ  ၁၃**

(၉) ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကလေးသူငယ်နှင့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်နှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ H.E.Ms.Datin Paduka Intan Kassin တို့က အဖွင့်အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(CEDAW) အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ACWC) အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နိုင်ငံများ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ ကလေးသူငယ်နှင့် အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ CRC နှင့် CEDAW အရ အခြေခံမူ၊ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမည့် ဥပဒေများ ပြုပြင်ရေးဆွဲပြဋ္ဌာန်းခြင်း၊ နည်းဥပဒေများ ထုတ်ပြန်ခြင်း၊ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လုပ်ငန်းမူဝါဒများ ချမှတ်ခြင်း၊ လုပ်ငန်းစဉ်သတ်မှတ်ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ကလေးသူငယ်နှင့် အမျိုးသမီးများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးကို ရှေးရှုဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်စီမံကိန်း NSPAW ကို ၂၀၁၃-၂၀၂၂ ဆယ်နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှဖြစ်ရေး အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတွေ့အကြုံ၊ နည်းပညာ၊ အသိပညာဖလှယ်မှုများဖြင့် အာဆီယံပဋိညာဉ်၊ အာဆီယံလမ်းပြမြေပုံပါ လုပ်ငန်းအစီအစဉ်များကို ACWC အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လိုကြောင်းသိရသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ACWC အစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်  အောက်တိုဘာ  ၁၃**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၄၂၀၀ | - ၆၅၅၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၄၀၀၀ | - ၆၅၄၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |


**နိုင်ငံခြားငွေလဲလှယ်နှုန်း**




| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၆၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၇၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၄. ၀၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၄၈၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၀. ၉၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ပညာရေးကဏ္ဍမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ မေဆင်န်အကယ်ဒမီကျောင်းဥက္ကဋ္ဌ မစ္စတာ ဂွန်ဘာရိုမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်း တက်ရောက်သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုကိစ္စဆောင်ရွက်နေမှု၊ အင်္ဂလိပ်ဘာသာရပ်ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အရာထမ်းများ၏ အရည်အသွေးမြှင့်ဆိုင်ရာ သင်တန်းသို့ တက်ရောက်လျက်ရှိသော သင်တန်းသား ၂၂ ဦးတို့သည် စင်ကာပူသမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွေ့အကြုံများကို လေ့လာရန် အုပ်ချုပ်သူ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဦးမင်းသန့် ဦးဆောင်ကာ ယမန်နေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဩစတြေးလျ အမျိုးသားတက္ကသိုလ် ပါမောက္ခချုပ် မစ္စတာဂရက်ဂွန်အီဗန် ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း ပြန်လည်ပြင်ဆင်သတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် ကြေညာချက် အမှတ်စဉ်(၁/၂၀၁၄)ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းအတွက် အချိန်ကာလပိုမိုရရှိစေရန် သတ်မှတ်ရက်အသီးသီးကို ပြန်လည်ပြင်ဆင် သတ်မှတ်ကြောင်းသိရသည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးရက်မှာ အောက်တိုဘာ ၂၄ ရက်ဖြစ်၍ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးရက်မှာ အောက်တိုဘာ ၂၈ ရက်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာစိစစ်မည့်နေ့ရက်မှာ အောက်တိုဘာ ၂၉ ရက်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရုံး၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

**(စောသိန်းဝင်း)**

# သူနာပြုနှင့် သားဖွားဆောင်သစ်ဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၃**

မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် အလှူရှင် Mr.Nishiyama Katashi က လှူဒါန်းသော သူနာပြုနှင့် သားဖွားဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက် စက်မှုဇုန် (၁)လမ်း သူနာပြုအေးရိပ်ငြိမ်ဝင်းအတွင်းရှိ အဆိုပါအဆောက်အအုံရှေ့ ဥပစာ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌ Prof. Shigeru Okada၊ အလှူရှင်ကိုယ်စား Mr. Takemoto Ichiro နှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်ကိုယ်စား Mr. Takemoto Ichiro က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**(ကိုချစ်)**


**✿ တနင်္သာရီမှ**

ပရိတ်ရေများဖြင့် လှေလှော်သားများအား ပက်ဖျန်းပေးခဲ့သည်။

နဂါးလှေသဘင်ပွဲတော်မှာ တနင်္သာရီမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်ပြီး ကောဇာသက္ကရာဇ် ၅၁၅ ခုနှစ်မှ စတင်ပေါ်ပေါက်လာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၆၀ ကျော်ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ နဂါးလှေတော် ရေချမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၉ ရက်က ချောင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ၏ မိန့်ကြားချက်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ ၎င်းလှေသဘင်ပွဲတော်ကို ရှေးယခင် မြန်မာမင်းများလက်ထက်က ရေခင်းသဘင်ပုံစံဖြင့် ကျင်းပလာခဲ့ပြီး ရှေးမြန်မာမှတ်တမ်းများတွင် တပ်မတော်သုံးလှေ၊ ပြည်ကြီးမွန်လှေ၊ နဝရာလှေ၊ လင်ဗင်းလှေ၊ ပြည်လုံးလှေ၊ သရဘူးလှေ၊ လောကဗိမာန်လှေ၊ ဝသုန်လှေ၊ နာဂဒေဝလှေ၊ ဒွါဒသရူပဘောင်ဆိုပြီး လှေများစွာရှိပြီး နာဂဒေဝလှေမှာ နဂါးလှေဖြစ်သည်။

နဂါးလှေများကို သစ်တစ်လုံးတည်းဖြင့် ထွင်းထုထားပြီး လှေလှော်သား ၁၄ ဦးမှ ၄၂ဦးအထိ ပါဝင်လှော်ခတ်ရကြောင်းနှင့် နဂါးလှေအလှုပြလှော်ခတ် ပူဇော်ပွဲအား ချောင်းကြီးကျောင်းတိုက်၏ မဟာဘုံကထိန်ပွဲတော်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် (၄)ရက်နေ့တွင် နှစ်စဉ်ကျင်းပခဲ့ကြောင်း ရွှေနန်းသာရီ နဂါးလှေတော်မှ ဦးပေါက်ဆရာကိုသန်းစိုးဝင်း၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး (မြိတ်)**








# သီရိလင်္ကာ၌ ပြန်လည်တည်ငြိမ် အေးချမ်းလာ ကိုလံဘို-ဂျက်ဖနာ ရထားခရီးစဉ်ဖွင့်လှစ်

**ဂျက်ဖနာ အောက်တိုဘာ ၁၃**

သီရိလင်္ကာနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားမှုကြောင့် ၂၄ နှစ်ကြာမျှ ရပ်ဆိုင်းထားခဲ့ရသော ကိုလံဘို-ဂျက်ဖနာ ရထားခရီးစဉ်ကို အောက်တိုဘာ ၁၂ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

"ဂျက်ဖနာ ဘုရင်မကြီး"ဟု အမည်ပေးထားသော ရထားကြီးသည် သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုနှင့် နိုင်ငံမြောက်ပိုင်းရှိ ဂျက်ဖနာမြို့တို့အကြား ခုတ်မောင်းပေးသောရထားဖြစ်သည်။ စစ်ပြီးခေတ်လွန် သီရိလင်္ကာနိုင်ငံ၌ ပြန်လည်တည်ငြိမ်အေးချမ်းလာမှု၏ ပြယုဂ်တစ်ခုအဖြစ် ယင်းရထားခရီးစဉ်ကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

ကိုလံဘို-ဂျက်ဖနာ ရထားခရီးစဉ်ကို သမ္မတမဟိန္ဒြာရာဇာပက်ဆေးက ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို ဆက်သွယ်သော ယင်းရထားခရီးစဉ်သည် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးအတွက် အရေးပါသည်။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ ဂျက်ဖနာပြည်နယ်သည် တမီလ်တိုင်းရင်းသားတို့ နေထိုင်ရာဒေသဖြစ်ပြီး ကိုလံဘို-ဂျက်ဖနာရထားလမ်းကို စစ်ကာလအတွင်း အစိုးရတပ်ဖွဲ့များအား နိုင်ငံမြောက်ပိုင်းသို့ ပို့ဆောင်ရာတွင် အသုံးပြုခဲ့သည်။ တမီလ်ကျားသူပုန်အဖွဲ့သည် ပြည်တွင်းစစ်ကာလအတွင်း ယင်းရထားကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၌ ၁၉၈၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၇၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **ရိုက်တာ။**



ဂျက်ဖနာဒေသခံပြည်သူများ ရထားဆိုက်ရောက်လာချိန်တွင် ဝမ်းသာအားရ ကြိုဆိုကြစဉ်။

# အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အမေရိကန်အား တူရကီစစ်စခန်းများ အသုံးပြုခွင့်ပေးမည်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အစ္စလာမ္မစ်နိုင်ငံထူထောင်မည့် စစ်သွေးကြွများအား တိုက်ခိုက်နေသည့် အမေရိကန်တပ်ဖွဲ့ကို တူရကီနိုင်ငံက ၎င်း၏ စစ်အခြေစိုက်စခန်းများကို အသုံးပြုရန် သဘောတူညီခဲ့ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဆူဆန်ရိုက်စ်က ပြောကြားသည်ဟု ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

## ကြိုဆို

တူရကီနိုင်ငံက အသုံးပြုရန် ခွင့်ပြုပေးသော စခန်းများတွင် ယင်းနိုင်ငံတောင်ပိုင်းရှိ အင်ကာလစ်လေတပ်အခြေစိုက်စခန်းလည်း ပါဝင်သည်။ တူရကီနိုင်ငံနှင့် ရရှိခဲ့သော သဘောတူညီချက်အသစ်ကိုကြိုဆိုပါကြောင်း ရိုက်စ်က ပြောကြားသည်။

မကြာသေးမီလများအတွင်းက အီရတ်နှင့် ဆီးရီးယားနှစ်နိုင်ငံအတွင်းရှိ ကြီးမားကျယ်ပြန့်သော နယ်မြေများကို အိုင်အက်စ်စစ်သွေးကြွများက သိမ်းယူခဲ့ပြီးနောက် ၎င်းတို့ကို အမေရိကန်ကဦးဆောင်၍ လေကြောင်းမှ တိုက်ခိုက်လျက်ရှိသည်။

တူရကီနိုင်ငံသည် ဆီးရီးယား၊ အီရတ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ယခုအချိန်ထိ အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ခြင်းမရှိသေးပေ။ မကြာမီက ရရှိသော တူရကီနှင့် သဘောတူညီချက်အရ တူရကီစစ် အခြေစိုက်စခန်းများကို အမေရိကန်တပ်ဖွဲ့က အသုံးပြုခွင့် ရရှိမည်ဖြစ်ပြီး ၎င်း၏ပိုင်နက်နယ်မြေကိုလည်း အလယ်အလတ်ဝါဒီ ဆီးရီးယား အတိုက်အခံတပ်ဖွဲ့များကို လေ့ကျင့်သင်တန်း ပေးရန် အသုံးပြုခွင့်ရရှိမည်ဖြစ်သည်ဟု မစ္စရိုက်စ်က အန်ဘီစီသတင်းဌာနသို့ပြောသည်။

တူရကီ နယ်စပ်ဖြတ်ကျော်ရေးစခန်း တည်ရှိရာ ဆီးရီးယားနိုင်ငံရှိ ကိုဘာနီမြို့ကို အိုင်အက်စ်တပ်ဖွဲ့များက မကြာသေးမီရက်များအတွင်း တိုက်ခိုက်မှု တိုးမြှင့်ပြုလုပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဘီဘီစီ။**



တူရကီနိုင်ငံရှိ အင်ကာလစ်လေတပ်စခန်းကို တွေ့ရစဉ်။

# အမေရိကန်-တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကျင်းပမည်

**ဆိုးလ် အောက်တိုဘာ ၁၃**

ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်၏ အဆင့်မြင့်နည်းပညာသုံး ဒုံးလက်နက်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရေးကိစ္စကို မကြာမီကျင်းပမည့် အမေရိကန်-တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးမည်မဟုတ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို ဝါရှင်တန်၌ အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ လုံခြုံရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးဟု အမည်ပေးထားသည့် ယင်းအစည်းအဝေးကို နှစ်စဉ်ကျင်းပသည်။ **ဆင်ဟွာ။**

# လောင်းအိုင်းလင်းကျွန်း၌ ဝေလငါးသေဆုံးမှု စုံစမ်းစစ်ဆေးလျက်ရှိ

**နယူးယောက် အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်ရှိ လောင်းအိုင်းလင်းကျွန်းအရှေ့ပိုင်း သဲသောင်ပြင်ပေါ်သို့ ၅၈ ပေအရှည်ရှိ သေဆုံးနေသော ဝေလငါးကြီးတစ်ကောင် ရေမျောကမ်းတင် ရောက်ရှိလာသည့်ဖြစ်ရပ်နှင့် ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

လောင်းအိုင်းလင်းကျွန်း ရှာလီကျေးရွာရှိ သဲသောင်ပြင်၌ အောက်တိုဘာ ၉ ရက် နံနက်က သေဆုံးနေသော ဝေလငါးတစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း အဏ္ဏဝါသုတေသနနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဖောင်ဒေးရှင်းမှ ကင်ဘာလီဒါဟမ်က ပြောကြားသည်။

ဖင်ဘက်အမျိုးအစား ဝေလငါးသေဆုံးရမှု အကြောင်းတရားကို မှုခင်းဆေးပညာနည်းစနစ်ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါဝေလငါးမျိုးသည် ဒုတိယ အရွယ်အစားအကြီးဆုံး ဝေလငါးမျိုးဖြစ်ပြီး မကြာသေးမီလများမှစ၍ လောင်းအိုင်းလင်းကျွန်းအရှေ့ပိုင်း ကမ်းလွန်ပင်လယ်တွင် မကြာခဏတွေ့ရှိခဲ့ရကြောင်း ဒါဟမ်က ပြောကြားသည်။ **ပီတီအိုင်။**



ရေမျောကမ်းတင် ဝေလငါးကြီးကို တာဝန်ရှိသူများ စုံစမ်းစစ်ဆေးကြစဉ်။



# ဟောင်ကောင်ရဲတပ်ဖွဲ့ အတားအဆီးများကို ဖယ်ရှား

**ဟောင်ကောင် အောက်တိုဘာ ၁၃**

ဟောင်ကောင်ရဲတပ်ဖွဲ့သည် ဆန္ဒပြသူများက ချထားသည့် အတားအဆီး အချို့ကို အောက်တိုဘာ ၁၃ ရက်တွင် ဖယ်ရှားလိုက်ကြောင်း၊ အတားအဆီးများကို ဖယ်ရှားလိုက်ခြင်းဖြင့် ဆန္ဒပြမှုကြောင့် ယာဉ်အသွားအလာပိတ်ဆို့နေသည့် နေရာများတွင် ကူးသန်းသွားလာမှုများ ပုံမှန်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၁၃ ရက်အစောပိုင်းတွင် ရဲတပ်ဖွဲ့ဝင်ရာပေါင်းများစွာက အစောင့်အကြပ်မရှိသော အတားအဆီးများအချို့ကို ရှင်းလင်းဖယ်ရှားခဲ့ပြီးနောက် အဓိကဆန္ဒပြသည့်နေရာ၏ အနားသတ်နေရာတွင် ရဲတပ်ဖွဲ့၏ အတားအဆီးကြိုးများကို ချထားခဲ့သည်။ **ပီတီအိုင်။**

# ဖခင်အလောင်းအောက် သုံးရက်ကြာနေခဲ့ရသည့် (၁၀)လသမီး အသက်မသေ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

ရုတ်တရက်လဲကျသေဆုံးသွားသည့် ဖခင်၏ အလောင်းအောက်တွင် သုံးရက်ကြာပိတ်မိနေသော (၁၀)လအရွယ် သမီးငယ်လေးကို လူဝီစီယားနားပြည်နယ် ဆေးရုံတစ်ရုံတွင် ကုသပေးရာမှ ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း ဖောက်စ်နျူး(စ်)သတင်းဌာနက ယနေ့ဖော်ပြသည်။

ဘက်တီဂျင်ဖီးလ်ဟုခေါ်သော အဆိုပါကလေးကို ရှုရီဗီပို့၌ သောကြာနေ့ညတွင် အာဏာပိုင်များက တွေ့ရှိသောအခါ ရေဓာတ်ခမ်းခြောက်လျက်ရှိပြီး အရေပြားတွင် အဖုများပေါက်နေကြောင်း သေမှုသေခင်း စုံစမ်းစစ်ဆေးရေး ဒုတိယအရာရှိ ရွှန်ရေးဗားက ပြောသည်။

ကလေးဖခင် အသက်(၄၃)နှစ်ရှိ ဂျာဆန်ဖီးလ်သည် သူ၏ခုတင်ဘေးတွင် ထိုင်နေလျက်ရှိရာမှ နောက်သို့လန်ကျကာ သေဆုံးခြင်း ဖြစ်ဖွယ်ရာရှိသည်ဟု ရေးဗားက ပြောကြားသည်။

ကလေးပေါ်သို့လဲကျပြီး ချက်ချင်းသေဆုံးခဲ့သည့်အတွက် ပြန်လည်မထနိုင်ခဲ့ခြင်းဖြစ်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ (၁၀)လသမီးထက်အကြီး ငါးနှစ်သားယောကျ်ားလေးက သူ့ဖခင်သေပြီထင်ကြောင်း အိမ်နီးနားခြင်းများသို့ သွားပြောပြီးနောက် သေမှုသေခင်းအရာရှိများကို ဖုန်းဆက်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဖီးတွင် နှလုံးရောဂါရှိပြီး အခြားသံသယဖြစ်ဖွယ်ရာ တစ်စုံတစ်ရာမျှ မတွေ့ရှိဟု ဆိုသည်။

**ဖောက်စ်နျူး။**

# မကွေးမြသလွန်ဘုရားပွဲတော် ခြိမ့်ခြိမ့်သဲသဲစည်ကား

**မကွေး အောက်တိုဘာ ၁၃**

ကဿပမြတ်စွာဘုရား၏ ရွှေသားသလွန်တော်ရှိခဲ့သောနေရာ၊ ဂေါတမမြတ်စွာဘုရား၏ မြသားသလွန်တော်ဌာပနာထားရှိရာနေရာ မကွေးမြသလွန်စေတီတော်၏ ဘုရားပွဲတော်ကာလသည် ၁၁ ရက်တိုင်တိုင် ရှိခဲ့ပြီဖြစ်သော်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ဈေးသည် ဈေးဝယ်များဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိကြောင်းတွေ့ရသည်။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ စတင်ကာ သီတင်းကျွတ်လကွယ်နေ့အထိ ရက် ၂၀ တိုင်တိုင် ကျင်းပမြဲဖြစ်သော မကွေးမြသလွန်စေတီတော်ဘုရားပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်နှင့်အတူ တစ်မိုင်ကျော် ခန့်ရှည်လျားကျယ်ဝန်းလှသော ပွဲဈေးတန်းကြီးနှင့် ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ရှေးကာလအစဉ်အဆက်ကပင် မြသလွန်စေတီတော်ဘုရားပွဲတော်နှင့် တိုက်ဆိုင်၍ တစ်နှစ်စာ လယ်ယာသုံးစက်ကိရိယာများ၊ စားသောက်ကုန်နှင့် ကုန်စည်များ ဖလှယ်ရောင်းဝယ်ခဲ့ကြသည့် ဓလေ့အစဉ်အဆက်ကို မကွေးမြသလွန်ဘုရားပွဲတော်တွင် ယနေ့တိုင်တွေ့နိုင်ပေသည်။

ရှမ်းပြည်နယ်နှင့် ဧရာဝတီမြစ်အထက်ပိုင်း၊ မြန်မာနိုင်ငံအထက်ပိုင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ မြစ်ရိုးတစ်လျှောက်ထွက်ကုန်များ၊ ကြေးထည်၊ သံထည်၊ စဉ့်ထည်၊ ဖျာ၊ မီးဖိုချောင်သုံးပစ္စည်းများ အစရှိသဖြင့် မျိုးတူရာစုစည်းထားသော ဈေးရုံဆိုင်ခန်းကြီးများမှာ အခြားပွဲတော်များနှင့်မတူ ခမ်းနားစွာ ခင်းကျင်းရောင်းချလျက်ရှိကြသည်။

ဘုရားပွဲတော်စည်ကားသည့်အလျောက် ဘုရားဖူးဧည့်သည်များ၏ လုံခြုံရေး၊ အန္တရာယ်ကင်းစေရေးအတွက် ယာဉ်ထိန်း၊ တပ်မတော်တပ်ထိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့တို့မှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဖျော်ဖြေရေးကဏ္ဍများတွင် ကလေးကစားကွင်းများ၊ ဇာတ်ရုပ်ရှင်နှင့် ဇာတ်သဘင်အဖွဲ့ကြီးများနှင့် မြန်မာ့ရိုးရာ ခြင်းအလှခတ်စွမ်းရည်ပြပွဲကိုလည်း အထူးနှစ်ခြိုက်အားပေးကြကြောင်း တွေ့ရသည်။ မြရတနာ၏ အေးချမ်းသောသဘောနှင့် သလွန်တော်၏ ငြိမ်သက်သောသဘောကြောင့် မည်သို့သော အကြောင်းခြင်းရာများနှင့်မျှ ဘုရားပွဲတော်ကျင်းပမှု မပျက်ခဲ့ဘဲ နှစ်စဉ်နှစ်တိုင်းအစဉ်အလာမပျက် စည်ကားသိုက်မြိုက် အေးချမ်းစွာ နှစ်ပေါင်းများစွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံတို့က ယုံကြည်ထားကြောင်း သိရသည်။

**(ကိုကိုနေ၊ နိုင်လင်းကြည်)**





မကွေးမြသလွန်ဘုရားပွဲတော် ဖျော်ဖြေရေးအစီအစဉ်များအနက် မြန်မာ့ရိုးရာ ခြင်းအလှခတ် စွမ်းရည်ပြပွဲ၌ မန္တလေးမြို့မှ ခြင်းအလှခတ်ပညာရှင် မိုးမြင့်ကြယ်(အဌမတန်းကျောင်းသူ) ခြင်းအလှခတ်စွမ်းရည် ပြသစဉ်။
(ကိုထက်)

# ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် မွေးနေ့ပွဲကျင်းပမည်

**နတ်မောက် အောက်တိုဘာ ၁၃**

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀) ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲတော်ကို ဗိုလ်ချုပ်၏ မွေးရပ်ဇာတိဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ကျေးဇူးကို တတ်စွမ်းသမျှ ပြန်လည်ကျေးဇူးတုံ့ပြန်သောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်၍ တိုင်းပြည်သာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယနေ့ခေတ်လူငယ်များ အတုယူ၍ အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန် ရည်သန်လျက် ကြိုတောင့်ကြိုခဲလှသော နှစ်(၁၀၀)ပြည့် ဗိုလ်ချုပ်မွေးနေ့ပွဲကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း နတ်မောက်မြို့နယ်အတွင်းမှ သံဃာတော်အပါး ၁၀၀၀ တို့အား သင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဗိုလ်ချုပ်အားရည်စူး၍ သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး အမျှအတန်း ပေးဝေခြင်း၊ ဆရာတော်ကြီးများ၏ တရားဓမ္မသဘင်ပွဲများနှင့် ပြပွဲ ပြိုင်ပွဲများ၊ စာပေဟောပြောပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ နှစ် (၁၀၀)ပြည့် မော်ကွန်းကမ္ပည်းကျောက်စာတိုင်စိုက်ထူခြင်း ဖွင့်လှစ်ပွဲများ ပါဝင်မည်ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးသူ၊ လေးစားကြည်ညိုသူတိုင်း ရာပြည့်ပွဲတော် ဖြစ်မြောက်ရေးအတွက် လာရောက်ကူညီနိုင်ကြောင်းနှင့် ရာပြည့်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လူအား၊ အကြံဉာဏ်အား၊ ငွေအား အစရှိသဖြင့် ပံ့ပိုးကူညီလိုသူများ အနေဖြင့် ဆရာတော် အရှင် နိမ္မလ ဖုန်း-၀၉-၄၀၁၅၇၄၉၀၀၊ ဒေါက်တာစိုးမင်း ဖုန်း-၀၉-၄၄၀၂၂၈၄၇၀၊ ဦးစိန်မင်း ဖုန်း-၀၉-၂၅၉၀၄၅၉၀၈၊ ဦးမောင်မောင် ဖုန်း-၀၆၃-၆၉၂၀၀၊ ဒေါ်ဆယ်သိန်း ဖုန်း-၀၉-၂၅၉၁၆၄၉၃၃နှင့် ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉-၄၀၁၆၅၇၄၆၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်း-ကိုကိုနေ၊ ရာမည**
**ဓာတ်ပုံ-နိုင်လင်းကြည်**

◆◆◆◆◆



# စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား စနစ်တကျစီမံဆောင်ရွက်သွားနိုင်မှသာ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ် ခိုင်မာစွာချမှတ်နိုင်မည်

ထက်ဝေအောင်(စစ်ကိုင်း)

ယနေ့ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနှင့် ဆင်းရဲငတ်မွတ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရပါမည်။ ၁၉၉၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးအစည်းအဝေးကြီး၌ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲငတ်မွတ်မှု ထက်ဝက်ခန့် လျှော့ချနိုင်ရေး ထောင်စုနှစ်ရည်မှန်းချက်တစ်ရပ်ကို ချမှတ်ခဲ့ကြပြီး ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော်သည် စားရေရိက္ခာမဖူလုံကြသဖြင့် ဆင်းရဲငတ်မွတ်မှုဒုက္ခများစွာကို ခါးသီးစွာ ခံစားနေရမှုကိုလည်း မီးမောင်းထိုးပြခဲ့ပါသည်။

နှစ်စဉ် တိုးပွားလျက်ရှိသည့် ကမ္ဘာ့လူဦးရေသည် စားနပ်ရိက္ခာလိုအပ်ချက်များ၊ စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာများ အစဉ်ခြိမ်းခြောက်လျက်ရှိပြီး စားနပ်ရိက္ခာဈေးနှုန်းတို့သည်လည်း အဆမတန်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါမည်။ ထိုသို့ ကုန်စည်ဈေးနှုန်းမြင့်တက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စီးပွားရေးဂယက်လှုပ်ခတ်လာပြီး နိုင်ငံအနှံ့ လူမှုစီးပွားဘဝမတည်ငြိမ်မှုများဖြင့် ကမ္ဘာ့အလယ်တွင် အရုပ်ဆိုးအကျည်းတန်စေပါသည်။ စားနပ်ရိက္ခာဈေးနှုန်း၊ ကုန်စည်ဈေးနှုန်းများ တိုးတက်မြင့်မားခြင်း၏ အဓိကအကြောင်းရင်းများမှာ နိုင်ငံများစွာတွင် လယ်ယာကဏ္ဍဆိုင်ရာ သုတေသနပြုမှုအားနည်းခြင်း၊ နည်းပညာသင်ယူမှုနှင့် လက်တွေ့စမ်းသပ်စိုက်ပျိုးမှုမရှိခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် စက်ကိရိယာများ ဝယ်ယူဖြည့်တင်းမှုအားနည်းခြင်းနှင့် သဘာဝဥတုဖောက်ပြန် ပျက်စီးခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများဖြစ်ကြသည့် အာဆီယံစားနပ်ရိက္ခာဖူလုံမှုဘုတ်အဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက်စီမံကိန်းနှင့် အာဆီယံ+၃ အရေးပေါ်ဆန်အရန်ရိက္ခာလုပ်ငန်းများ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် လက်ရှိကာလတွင် သန်း ၆၀ လူဦးရေထက် စားနပ်ရိက္ခာဖူလုံလျက်ရှိသော်လည်း ကျော်လွန်တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အတွက် ရေတို/ရေရှည် နည်းလမ်းများ၊ စီမံကိန်းလုပ်ငန်းများ အဓိကထား မျှော်မှန်းဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေတိုးပွားမှုနှင့် စားနပ်ရိက္ခာဖြည့်ဆည်းပေးနိုင်ရေးလုပ်ငန်းများအပါအဝင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ၏ လယ်ယာကဏ္ဍအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုများစွာကိုလည်း ထည့်တွက်ပေါင်းစပ်လျက် ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး ဆန်အရန်ရိက္ခာဖြည့်တင်းပေးနိုင်ရေး နည်းပညာနှင့်မူဘောင်၊ စံနှုန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးပါသောအခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် မှီခိုအသက်မွေးဝမ်းကျောင်းပြုလုပ်နေကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုးတက်ပြောင်းမြောက်အောင် ဖော်ဆောင်ပေးနိုင်စွမ်းများရှိနေခြင်းကြောင့် အလေးပေးဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ယင်းတို့မှာ တောင်သူလယ်သမားများ ဝင်ငွေဖွံ့ဖြိုးစီးပွားတိုးစေရန် **"စိတ်ဓာတ်များပြုပြင်ပြောင်းလဲခြင်း၊ ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များပြောင်းလဲခြင်း၊ ရေသွယ်မြောင်းများဖြင့် ရေသွင်းနည်းစနစ်များကို အသုံးပြုပြောင်းလဲခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာခေတ်သို့ ကူးပြောင်းခြင်းစသော နည်းလမ်း(၅)သွယ်"**ဖြင့် အလေးထားဆောင်ရွက်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်တိုက်တွန်းလျက်ရှိပါသည်။

ဒေသတွင်းတောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းများ ပျိုးထောင်စိုက်ပျိုးထုတ်လုပ်ကြရာတွင် လက်တွေ့လိုက်နာကျင့်သုံးရမည့် နည်းပညာရပ်များ၊ ခေတ်မီစက်ကိရိယာများ၊ သိုလှောင်မှုနည်းစနစ်များ၊ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ကြရန် အထူးအရေးကြီးလှပါသည်။ ထိုကဲ့သို့ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား စနစ်တကျဟန်ချက်ညီညီ စီမံဆောင်ရွက်သွားနိုင်မှသာ စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်တစ်ရပ် ခိုင်မာစွာချမှတ်နိုင်မည်ဖြစ်ပါသည်။

မွေးဖွားသည်မှ သေဆုံးသည့်တိုင် နေ့စဉ်နှင့်အမျှ အသက်ရှင်နေထိုင်နိုင်ရေးအတွက် စားရေရိက္ခာသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်နေပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ နေ့စဉ်နှင့်အမျှ တိုးတက်နေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးလာခဲ့ပါသည်။ သင့်လျော်ကိုက်ညီသည့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်အောင် အာရုံစူးစိုက်လျက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် မဖြစ်မနေလိုအပ်နေပါသည်။

လူသားတိုင်းမျှော်မှန်းသည့် အနာဂတ်ပန်းတိုင်အရောက်သွားနိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေးတို့သည် အရေးပါလျက်ရှိသည်။ လူတစ်ဦးအတွက် စားရေရိက္ခာရရှိရေး အသက်တမျှအရေးကြီးလှပါသည်။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ခင်းများအတွက် စိုက်ပျိုးရေသည် အဓိကကျပါသည်။ စိုက်ခင်းများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ဆည်မြောင်းစနစ်ဖြင့် ရေပေးစိုက်ပျိုးနေကြပြီး ၁၉၅၀ ခုနှစ်က ကမ္ဘာပေါ်တွင် ဆည်မြောင်းစနစ်အသုံးပြုသည့် စိုက်ခင်းဧက ၂၃၂ သန်းရှိရာမှ ၂၀၀၀ ပြည့်နှစ်တွင် ဧက ပေါင်း ၇၀၆ သန်းဖြစ်လာခဲ့သည်ဟု သိရှိရပါသည်။

နှစ်ပေါင်း ၅၀ အတွင်း ဆည်မြောင်းစနစ် ရေပေးဝေမှုပမာဏ သုံးဆခန့် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ အရေးပါသော ဆည်မြောင်းစနစ်ရေပေးဝေမှုအား မြစ်ရေ၊ မြေအောက်ရေများနှင့် မိုးရေကိုအမှီပြုသည့် သိုလှောင်ရေများအား ရေကာတာများတည်ဆောက်လျက် ဆည်ရေအဖြစ် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ဆည်မြောင်းလုပ်ငန်းအား လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ ခန့်မှအစပြု၍ မြစ်ချောင်းများကို ပိတ်ပြီး ရေကာတာတည်ဆောက်ခြင်း၊ ရေရယူသုံးစွဲခြင်း အလေ့အကျင့်များဖြစ်ထွန်းလာခဲ့ခြင်းကြောင့် ကမ္ဘာ့နေရာအသီးသီးတွင် ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြုလုပ်နိုင်ရန် နေရာအခက်အခဲများဖြစ်ပေါ်လာပြီး အခြားသော ရေရရှိရေးနည်းလမ်းကို ရှာဖွေလာခဲ့ကြပါသည်။ ထိုအရာမှာ မြေအောက်ရေကြောများ ရှာဖွေခြင်းသာဖြစ်ပါသည်။ မြေအောက်ရေကြောနှစ်မျိုးနှစ်စားရှိပါသည်။ ပြန်လည်ပြည့်တင်းနိုင်သောရေကြောနှင့် ပြန်မပြည့်နိုင်သော ရေကြောဟူ၍ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ရေရှားပါးမှုသည် အကြီးမားဆုံးအခက်အခဲတစ်ခုဖြစ်လာသည်။ မြေအောက်ရေပြင်များ နိမ့်ဆင်းလာခြင်း၊ ရေအောင်းအလွှာများ ခန်းလာခြင်းတို့ကြောင့် စိုက်ပျိုးရေရရှိရန် ခက်ခဲလာခြင်းလည်းဖြစ်နိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နည်းပညာများချဲ့ထွင်အသုံးပြုလာကြသော်လည်း သီးနှံများ အရည်အသွေးနိမ့်ကျနေခြင်း၊ အထွက်တန်းလာခြင်းတို့ဖြစ်ပွားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

သီးနှံတင်သွင်းနေကြရသည့် ဆော်ဒီအာရေးဗီးယား၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံများသည် သီးနှံပိုမိုရရှိမည့် အခြားနည်းလမ်းများ ရှာကြံလာကြပါသည်။ အချို့နည်းလမ်းများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လယ်ယာမြေများငှားရမ်းစိုက်ပျိုးခြင်း၊ ဝယ်ယူစိုက်ပျိုးခြင်းများဖြင့် မိမိနိုင်ငံအတွက် ဆောင်ရွက်လျက်ရှိကြပါသည်။ မြေငှားခြင်း၊ ရောင်းချခြင်း ပြုလုပ်သည့် အထင်ကရနိုင်ငံနှစ်နိုင်ငံမှာ အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံတို့ဖြစ်ကြပါသည်။ စီးပွားရေးကျဆင်းလာခြင်းကြောင့် မိမိပိုင်လယ်ယာမြေများရောင်းချခြင်း၊ ငှားရမ်းခြင်းများပြုလုပ်လာကြခြင်းသည် လယ်ယာမြေသိမ်းပိုက်မှုကိစ္စရပ်တစ်ရပ်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ကင်ပွန်းတပ်ခဲ့ပါသည်။ နည်းလမ်းမျိုးစုံဖြင့် လယ်ယာမြေသိမ်းပိုက်မှုစာရင်းစစ်တမ်းများအရ ၂၀၁၀ ပြည့်နှစ်တွင် လယ်ယာမြေစုစုပေါင်း ဧကသန်း ၁၄၀ နီးပါးရှိသည်ဟု ကမ္ဘာ့ဘဏ်ကဖော်ပြပါသည်။

ကမ္ဘာကြီးသည် ပူနွေးလာပြီဖြစ်ပါသည်။ စားနပ်ရိက္ခာလုံခြုံမှု အဆင့်အတန်းတို့သည်လည်း ယိုယွင်းပျက်စီးလာနေပါသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာမြေသိမ်းပိုက်မှုများ၊ ရေသယံဇာတသိမ်းပိုက်မှုများ၊ အဆမတန် တိုက်ရိုက်ဝယ်ယူမှုများ၊ တင်သွင်းမှုများ ပိုမိုဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ စားနပ်ရိက္ခာရှားပါးလာခြင်း ပြဿနာများအား အဖြေရှာရန် လိုအပ်လာပါသည်။ ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် လုပ်ကွက်ငယ်တောင်သူလယ်သမားမိသားစုများ၏ လူနေမှုဘဝသာယာလှပရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် တောင်သူလယ်သမားတို့၏ လယ်ယာထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံးမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ စားနပ်ရိက္ခာ ဈေးကွက် ဖရိုဖရဲ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းများ ထိန်းညှိပေးနိုင်ရန် မလွဲမသွေ လိုအပ်လျက်ရှိကြောင်းနှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ဖြစ်သည့် **"မိသားစုတိုင်း၏ စိုက်ပျိုးစွမ်းအားဖြင့် ကမ္ဘာကြီးအား ကျွေးမွေးစောင့်ရှောက်ကြပါစို့"** ဟု နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။ ။

**လူသားတိုင်းမျှော်မှန်းသည့် အနာဂတ်ပန်းတိုင် အရောက်သွားနိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေးတို့သည် အရေးပါလျက်ရှိသည်။ လူတစ်ဦးအတွက် စားရေရိက္ခာရရှိရေး အသက်တမျှ အရေးကြီးလှပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ခင်းများအတွက် စိုက်ပျိုးရေသည် အဓိကကျပါသည်။**

## ရန်ကုန်တက္ကသိုလ် ဘက်စုံမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းရပ်များအတွက် အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တက္ကသိုလ်တွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအား လအလိုက်စီမံကိန်းလုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်ဘက်စုံအဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အစည်းအဝေးကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက ကျင်းပရာ ရန်ကုန်တက္ကသိုလ်ဘက်စုံအဆင့်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များအဖြစ် ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များ အကြီးစားပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ်တွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအတွက် နေထိုင် စားသောက်ရေးဆိုင်ရာအဆင်သင့်ဖြစ်စေရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သင်ကြားနည်းဆိုင်ရာနှင့်သင်ရိုးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အကြီးစားပြင်ဆင်မှုလုပ်ငန်းများဖြစ်သည့် ကျောင်းဆောင်များအား မွမ်းမံခြင်း၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)သုတေသနအဆောက်အအုံပြင်ဆင်ခြင်း၊ နှစ်ထပ်စားသောက်ဆိုင်အသစ်တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာအကြီးစားပြုပြင်ခြင်း၊ ပြင်ပရေရရှိရေး၊ သံပန်းခြံစည်းရိုးကာရံခြင်းနှင့် ယာဉ်ရပ်နားရန်နေရာများပြုလုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ကျောင်းဆောင်များ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းနှင့် စာသင်ခန်းနှင့် လက်တွေ့ခန်းများ အဆင့်မြှင့်တင်မွမ်းမံခြင်း၊ စာကြည့်တိုက်နှင့် အပန်းဖြေရိပ်သာများ ပြင်ဆင်ခြင်းလုပ်ငန်းရပ်များ၊ ရေနုတ်မြောင်းနှင့်သန့်စင်ခန်းများ အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

လာမည့်ပညာသင်နှစ်အတွက် သီရိဆောင်နှင့်မာလာဆောင်တို့တွင် ကျောင်းသူများ ပြန်လည်ထားရှိရေးအတွက် လိုအပ်သော လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များ၊ သင်တန်းရေးရာဌာနမှူး၊ စီမံဘဏ္ဍာဌာနမှူးနှင့် အင်ဂျင်နီယာမှူးများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နေရဥ္စရာချောင်းကိုဖြတ်၍ ကြိုးတံတားနှစ်စင်း တည်ဆောက်မည်

**ကလေး အောက်တိုဘာ ၁၃**

နိုင်ငံတော်က ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတစ်ဝန်း၌ လမ်း၊ တံတားများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စခန်းကြီးကျေးရွာ၊ ချမ်းသာကြီးကျေးရွာ၊ ငြိမ်းချမ်းသာကျေးရွာနှင့် ကြက်ဖနက်ကျေးရွာတို့ကို ဆက်သွယ်မည့် ကြိုးတံတားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကြိုးတံတား တည်ဆောက်ပေးမယ့် ငြိမ်းချမ်းသာကျေးရွာဟာ အိမ်ခြေ ၅၇ လုံး၊ လူဦးရေ ၃၂၀ နေထိုင်တဲ့ ကျေးရွာဖြစ်ပါတယ်။ ငြိမ်းချမ်းသာကျေးရွာရဲ့ ဆက်သွယ်ရေးလမ်းက ကြက်ဖနက်ကျေးရွာနဲ့ ကျေးရွာချင်းဆက်လမ်းကိုသာ အားထားပြီး သွားလာနေရပါတယ်။ မိုးတွင်းကာလတွေမှာ နေရဥ္စရာချောင်းရေကြီးတာကြောင့် မြို့နဲ့ ဆက်သွယ်သွားလာမှုက လုံးဝပြတ်တောက်သွားပါတယ်။ အရေးပေါ်ကျန်းမာရေးကိစ္စတွေရှိလာတဲ့အခါမှာ ကျန်းမာရေးဌာနရှိတဲ့နေရာကို စွန့်စွန့်စားစား သွားလာကြရပါတယ်။ နောက်ပြီးပညာရေးကိစ္စတွေမှာလည်း အလယ်တန်းကျောင်းသားတွေဆိုရင် ကြက်ဖနက်ကျေးရွာကို မြစ်ကိုဖြတ်ပြီး ခက်ခက်ခဲခဲသွားတက်နေရတဲ့အတွက် ဒုက္ခတွေ့မှာ စိုးရိမ်ရပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး လွှတ်တော်မှာ ကြိုးတံတား တည်ဆောက်ပေးဖို့ကို တင်ပြထားပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာက ငြိမ်းချမ်းသာကျေးရွာအပြင် ချမ်းသာကြီးကျေးရွာနဲ့ စခန်းကြီးကျေးရွာတို့ကို ဆက်သွယ်မယ့်ကြိုးတံတားကိုလည်း တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောကြားသည်။

စခန်းကြီးကျေးရွာ၊ ချမ်းသာကြီးကျေးရွာ၊ ငြိမ်းချမ်းသာကျေးရွာနှင့် ကြက်ဖနက်ကျေးရွာတို့ကို ဆက်သွယ်မည့် ကြိုးတံတားများကို တည်ဆောက်ပေးပြီးဖြစ်ပါက ဒေသထွက်သီးနှံများ ရောင်းဝယ်မှုကောင်းမွန်လာနိုင်ပြီး ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးဝေစည်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ **လင်းလက်ကြယ်စင်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံသားနှစ်ဦးကို သံသယဖြင့် ဖမ်းဆီးထားသည့် ကိစ္စ အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် အောက်တိုဘာ ၁၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၃) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက ထိုင်းနိုင်ငံ စူရတ်ဌာနီခရိုင် ခိုတောင်ကျွန်းပေါ်တွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့လှည့်ခရီးသွား(၂)ဦး အသတ်ခံရမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသားနှစ်ဦးကို သံသယဖြင့် ဖမ်းဆီးထားသည့် ကိစ္စနှင့်ပတ်သက်၍ လူ့အခွင့်အရေးနှင့် တရားဥပဒေဆိုင်ရာ အကာအကွယ် ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော် နာယက က ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံ ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့ရန် အရေးကြီးအဆိုကို တင်သွင်းဆွေးနွေးရာ လွှတ်တော်က မှတ်တမ်းတင် အတည်ပြုကြောင်း သိရှိရသည်။



ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (Myanmar Peace Centre-MPC)၏ နိုင်ငံတကာမှ အထောက်အပံ့ရရှိသော ဘဏ္ဍာငွေ အပါအဝင် လုပ်ငန်းတိုးတက်မှု အခြေအနေနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နက်နဲသိမ်မွေ့ပြီး အောင်မြင်မှုရရှိမည်၊ မရရှိမည်ကို ကြိုတင်ခန့်မှန်းရန် ခက်ခဲပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတကာမှ ကူညီနိုင်ရန် ၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် နိုင်ငံတော်အစိုးရက နိုင်ငံတကာ အလှူရှင်များအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ စတင်ဖွဲ့စည်းစဉ်က နော်ဝေနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ပါရှိပါကြောင်း၊ အလှူရှင်နိုင်ငံများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးနိုင်မှသာ အလှူငွေအပြည့်အဝထည့်ရန် မူဝါဒချမှတ်ထားပါကြောင်း။

ဂျပန်နိုင်ငံက MPC ၏ ပိုမိုများပြားလာသော လုပ်ငန်းဆိုင်ရာများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ (၁ ဒသမ ၂)သန်း တန်ဖိုးရှိ ရုံးအဆောက်အအုံ အကူအညီကို ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများအတိုင်း ပေးအပ်ခဲ့ပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးပေးရန် ဘတ်ဂျက်ပံ့ပိုးငွေ ယူရိုငွေ ၅ သန်း ကူညီရန် ရည်ရွယ်ထားသည်ဟု သိရှိရပါကြောင်း။

UN Peace Building Fund (UNPBF)က MPC စတင်တည်ထောင်ရာတွင် လိုအပ်သည့် မော်တော်ယာဉ်ခုနစ်စီး၊ အရန်မီးစက်နှစ်လုံး၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ (အမေရိကန်ဒေါ်လာ ၄၀၄၆၀၀)ရှိသည်ဟု သိရှိရပါကြောင်း၊ နီပွန်ဖောင်ဒေးရှင်းက တိုင်းရင်းသားအဖွဲ့အစည်း ၁၄ ဖွဲ့နှင့် ဒေသခံပြည်သူလူထုအတွက် ထောက်ပံ့ပြီးသော ဆန်အိတ်အရေအတွက်မှာ ကီလို ၅၀ ဝင် ဆန်အိတ် စုစုပေါင်း ၅၇၃၉၉ အိတ် ဖြစ်ပါကြောင်း၊ ဆေးဝါးယူနစ်များအနေဖြင့်လည်း ဆေးခန်းတစ်ခုအတွက် လိုအပ်သည့် ဆေးများကိုဒေသအလိုက် စုစုပေါင်း(၇၅)ယူနစ် လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၁၄ - ၂၀၁၅ ကာလအတွက် လူဦးရေတစ်သိန်းအတွက် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ (၃)လစာ လှူဒါန်းရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် လက်ခံမည့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား ဆက်စပ်ပေးလျက်ရှိပါကြောင်း။

ဆေးစိမ်ခြင်ထောင်တစ်လုံးစီနှင့် ဆိုလာမီးအိမ်တစ်လုံးစီကိုလည်း အိမ်ထောင်စု ၁၇၅၅၂ စုအတွက် လှူဒါန်းသွားမည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ရယူခဲ့သည့် အကူအညီများသည် မြန်မာနိုင်ငံသို့ ပေးအပ်သည့် သက်ဆိုင်ရာနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုဆိုင်ရာ Grant များမှ ရန်ပုံငွေများဖြစ်ပြီး အစိုးရ၏ ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်မှ Aid နှင့် Grant အကူအညီသာ ရယူပြီး ချေးငွေရယူခြင်းမရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်သည်လည်း နှစ်(၆၀)ကျော် ကြာမြင့်ခဲ့သည့် စစ်ပွဲများနှင့် ပဋိပက္ခများ ရပ်စဲရုံသာမက ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသော အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုတစ်ဆက်တစ်စပ်တည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကြီးဖြစ်ပါကြောင်း။

လက်နက်ကိုင်အဖွဲ့အစည်းကြီး၊ အဖွဲ့အစည်းငယ်များနှင့်တစ်ပြိုင်တည်း ဆွေးနွေးညှိနှိုင်းနေရခြင်းဖြစ်ပြီး အခြားနိုင်ငံများနှင့်မတူသည့် စိန်ခေါ်မှုများ၊ အခက်အခဲများရှိနိုင်ခြင်းသည် လက်တွေ့အရှိတရားပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်နှင့်အပြိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားရန် အင်အားများအဖြစ် ရှုမြင်နိုင်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန၏ နိုင်ငံတကာမှ အထောက်အပံ့ရရှိသော ဘဏ္ဍာငွေအပါအဝင် လုပ်ငန်းတိုးတက်မှု အခြေအနေ ရှင်းလင်းတင်ပြမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❐❐❐

အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ရိုးရာဓလေ့ (၁၀၂) ခု၊ ရိုးရာလက်မှုပညာရပ် (၁၁၉) ခု စုဆောင်းရရှိပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် ကျင်းပပြီး မေးခွန်း(၅)ခု မေးမြန်း ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုအတည်ပြုခြင်းနှင့် အရေးကြီးအဆို (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်၏ **"ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို အများပြည်သူ ဝယ်ယူဖတ်ရှုနိုင်သော ဈေးနှုန်းဖြင့် အုပ်ရေများ တိုးချဲ့ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အပတ်စဉ်ထုတ်ဝေလျက်ရှိသည့် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းရိုက်နှိပ်ဖော်ပြပေးပါကြောင်း၊ အဆိုပါ ပြန်တမ်းများကို ကြိုတင်ငွေ (၁)နှစ်စာ ပေးသွင်း၍ မှာကြားနိုင်ပြီး လက်ငင်းဝယ်ယူနိုင်ရန်အတွက်လည်း စာပေဗိမာန် စာအုပ်အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)တို့တွင် ရောင်းချပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ပြက္ခဒိန်တစ်နှစ်ချင်း အလိုက် ထွက်ရှိသော ဥပဒေများ စုပေါင်း၍ ဥပဒေပေါင်းချုပ်(၂၀၁၁) အုပ်ရေ (၃၀၀၀)ကို တစ်အုပ်လျှင် ငွေကျပ် (၁၅၀၀)နှုန်း၊ ဥပဒေပေါင်းချုပ် (၂၀၁၂) အုပ်ရေ(၄၀၀၀)ကို တစ်အုပ်လျှင် ငွေကျပ်(၄၀၀၀) နှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေရောင်းချခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေပေါင်းချုပ် (၂၀၁၃)အုပ်ရေ (၁၀၀၀)ကို တစ်အုပ်လျှင် ငွေကျပ်(၂၈၀၀) နှုန်းဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူအများ လေ့လာနိုင်ရန် ယနေ့အထိ (အင်္ဂလိပ်+မြန်မာ)နှစ်ဘာသာဖြင့် ဖော်ပြထားသော စာအုပ်အကြီး ၅၆၀၀၀ ကို ပုံနှိပ်ခဲ့ပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အိတ်ဆောင် (မြန်မာ)ဘာသာဖြင့် ၈၃၀၀၀ အုပ်နှင့် အိတ်ဆောင် (အင်္ဂလိပ်)ဘာသာဖြင့် ၁၃၀၀၀ အုပ် ပုံနှိပ်ထုတ်လုပ်ခဲ့ပြီး တစ်အုပ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ရောင်းချပေးလျက် ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်စာမူများ ရောင်းချပေးလျက်ရှိပြီး ပြည်သူများ လက်လှမ်းမီ လေ့လာနိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး (၂၉၄)ရုံးတို့တွင် နိုင်ငံတော်ပြန်တမ်းများနှင့် အခြေခံဥပဒေစာအုပ်များကို ကိုးကားနိုင်ရန် ထားရှိပေးထားပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှ စတင်၍ Digital ပုံစံဖြင့် ဖတ်ရှုနိုင်ရန် Public Digital Library (၁၁၄)ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လူစည်ကားရာ နေရာများတွင် တပ်ဆင်ပေးခဲ့ပါကြောင်း၊ ၎င်း Public Digital Library များတွင် အခြေခံဥပဒေနှင့် နည်းဥပဒေများကို PDF Format ဖြင့်ထည့်သွင်းထားပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် Public Digital Library ပေါင်း(၁၀၀)နှင့် လာမည့်ဘဏ္ဍာနှစ်တွင်(၁၀၀) ထပ်မံတိုးချဲ့သွားမည်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ယဉ်ကျေးမှုဝန်ကြီးဌာန



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးညဏ်လင်း

ပုံနှိပ်စာမူများနှင့် ပတ်သက်၍ လက်ကျန်စာအုပ်များ ကုန်ပါက ထပ်မံပုံနှိပ်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်များတွင်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့များက သီးခြားစုစည်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် မှာယူပါက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြို့နယ်များအရောက် ပေးပို့နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးညဏ်လင်း၏ **"မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အမျိုးအစားအလိုက် ကြိုတင်သတ်မှတ်မှုနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေတို့ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ရှမ်းရိုးရာစကားပုံများ၊ ကချင်ရိုးရာ စကားပုံများစသည့် ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက် ဘာသာစကား(၉)ခု၊ မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့ရုပ်သေး၊ အငြိမ့်ပွဲ၊ 'ဝ'ရိုးရာပွဲတော်များ၊ အကများစသည့် ဖျော်ဖြေမှုအနုပညာ(၂၁)ခု၊ ၁၂ လရာသီပွဲတော်များ၊ အင်းလေးခြေခတ်လှေပွဲတော်၊ မြန်မာ့သနပ်ခါး၊ အားကစားနှင့် အစားအစာများစသည့် လူမှုရေးအစဉ်အလာ အလေ့အထ၊ ရိုးရာဓလေ့(၁၀၂)ခု၊ ကယား-တစေး၊ မြန်မာတိုင်းရင်း-မန်းဆေး၊ ရှမ်း-မဟာဖြေဆေးစသည့် သဘာဝနှင့် စကြာဝဠာဆိုင်ရာ ဗဟုသုတ၊ ရိုးရာအစဉ်အလာ အလေ့အထ(၃)ခု၊ ရွှေချည်ထိုးလုပ်ငန်း၊ လွန်းရာကျော်ကြိုးကြိုးချိတ်ရက်ကန်းလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ တိုင်းရင်းသားဂျပ်ခုတ်လုပ်ငန်း၊ မီးပုံးလုပ်ငန်း၊ ပျူပုတီးစေ့လုပ်ငန်းစသည့် ရိုးရာလက်မှုပညာရပ် (၁၁၉) ခု စုစုပေါင်း(၂၅၄)ခု စုဆောင်းရရှိပြီးဖြစ်ပါကြောင်း။

အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဖော်ထုတ်နိုင်ရေးအတွက် ဖော်ပြပါ ခေါင်းစဉ် အမျိုးအစားများမှ စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ဆွေးနွေး အဖြေထုတ်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)သို့ ပေးပို့တင်သွင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး ယင်းဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ခိုတောင်ကျွန်းတွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာလှည့်ခရီးသွား (၂)ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၌ သံသယဖြင့် ဖမ်းဆီးခံထားရသော မြန်မာလူငယ်(၂)ဦးကို တရားဥပဒေ၏ရှေ့မှောက်တွင် မျှတသော လူသားအခွင့်အရေးရရှိရန် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံဥက္ကဋ္ဌထံသို့ သဝဏ်လွှာပေးပို့ရန်"** အရေးကြီးအဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက တင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြစ်ဒဏ်မှလွတ်မြောက်သောအခါ ဘဝရပ်တည်မှုအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော်  အောက်တိုဘာ  ၁၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"မြန်မာနိုင်ငံ ရဲဘက်အကျဉ်းစခန်းများရှိ အကျဉ်းသားများ"**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ၁၉၇၈ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်၍ ရဲဘက်စခန်းများဖွင့်လှစ်ခဲ့ပြီး ၂၀၀၄ ခုနှစ် မေ ၁၂ ရက်အထိ စခန်းပေါင်း(၃၆)ခုအား ဖျက်သိမ်းခဲ့ပါကြောင်း၊ ဖျက်သိမ်းခဲ့သော စခန်းများကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်မှစတင်၍ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းများ၊ ကုန်ထုတ်စခန်းများဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အကျဉ်းဦးစီးဌာနအနေဖြင့် ယနေ့အချိန်အထိ စခန်းစုစုပေါင်း(၄၆)ခုရှိပြီး အကျဉ်းသားဦးရေ (၁၀၀၀၀)ကျော်ရှိပါကြောင်း။

လက်ရှိအစိုးရသစ်လက်ထက်တွင် ပြစ်ဒဏ်မှလွတ်မြောက်သောအခါ ဘဝရပ်တည်မှုအတွက် လုပ်ကိုင်စားသောက်နိုင်ရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ စခန်းတိုင်းတွင် ကျန်းမာရေးမှူး(၁)ဦး ခန့်အပ်ထားရှိပြီး မကျန်းမာသော အကျဉ်းသားများအား နီးစပ်ရာ ဆေးရုံ၊ ဆေးရုံကြီးများသို့ တက်ရောက်ကုသခံယူခွင့်၊ ပြည်တွင်းပြည်ပ ကျန်းမာရေးအဖွဲ့အစည်းများ၏ စစ်ဆေးကုသခံယူခွင့်များကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စခန်းများ၌ အလုပ်လုပ်ရသော်လည်း ပြင်ပပတ်ဝန်းကျင်ကို တွေ့မြင်ခွင့်ရခြင်း၊ တစ်လလျှင် မိသားစုနှင့် ညအိပ်ညနေ (၃)ရက် နေထိုင်ခွင့်ရရှိခြင်း၊ ထိုကာလအတွင်း အလုပ်နားရက်ရရှိခြင်း၊ လျှော့ရက်အပြည့်အဝရရှိခြင်း၊ ကိုယ်တိုင်စိုက်ပျိုးထားသော သီးနှံများကို လတ်ဆတ်စွာစားသုံးခွင့်ရခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို သင်ယူခွင့်ရရှိခြင်း စသည်တို့ကြောင့် သွားရောက်ရန်ဆန္ဒပြုကြသူများလည်းရှိပါကြောင်း၊ စခန်းများတွင် အကျဉ်းသားများ အလုပ်လုပ်သောနေ့ရက်များအတွက် တစ်ရက်လျှင်ငွေကျပ် (၂၀၀)နှုန်းဖြင့် လုပ်အားရှင် ခံစားခွင့်ပေးထားပြီး ဘဏ်တွင်စုဆောင်းပေးထား၍ လွတ်ရက်စေ့သည့်အခါတွင် တစ်ပါတည်းထုတ်ပေးပါကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ပြစ်ဒဏ်စေ့မြောက်၍ လွတ်မြောက်သွားသူ အကျဉ်းသား(၅၀၁၉)ဦးအတွက် လုပ်အားရှင်ခံစားခွင့် စုစုပေါင်း ကျပ် (၂၁၈၈၀၉၇၄၀၀)ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုများနှင့်ပတ်သက်၍ကမ္ဘာ့ကုလသမဂ္ဂမှထုတ်ပြန်သော အနိမ့်ဆုံးထားရှိအပ်သည့် အခြေခံစည်းမျဉ်းများ (Standard Minimum Rule) နှင့်အညီ ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကျဉ်းထောင်လက်စွဲ ဥပဒေအပိုဒ် (၉၉၁) နှင့်အညီ အကျဉ်းသားတစ်ဦးစီ၏ နေရာထိုင်ခင်းများကို စီစဉ်ပေးထားပါကြောင်း၊ အကျဉ်းထောင် လက်စွဲ ဥပဒေအပိုဒ်(၅၁)နှင့်အညီ စခန်းများတွင် တာဝန်ခံအရာရှိမှ အပတ်စဉ် တနင်္လာနေ့တိုင်း တန်းစီစစ်ဆေးပြီး အကျဉ်းသားများ၏ ကိုယ်ရေးကိုယ်တာအခက်အခဲတင်ပြချက်များနှင့် တိုင်တန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အကျဉ်းသားများ ပြစ်ဒဏ်ကာလတိုတောင်းစေရန်အတွက် လျှော့ရက်များ ခံစားခွင့်ပြုခြင်းကို အကျဉ်းထောင်လက်စွဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး လူ့အခွင့်အရေးစံနှုန်းများအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့်ဖြေကြားသည်။



ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း။



သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်။

ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **"အရည်အသွေးမမီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲနေမှုများကြောင့် သီးနှံများ ဆုံးရှုံးပျက်စီးနေရမှု"**နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပြဋ္ဌာန်းထားသော ဥပဒေနှင့်ညီညွတ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့်ဖွဲ့စည်းထားသည့် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် ပိုးသတ်ဆေး လက်လီလက်ကားရောင်းချသူများ၊ ပိုးသတ်ဆေးတင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများမှ ဝန်ထမ်းများနှင့် တောင်သူလယ်သမားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လက်မှတ်ရပိုးသတ်ဆေးကိုင်တွယ်သုံးစွဲနည်းသင်တန်းများ နှစ်စဉ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားများအကျိုးစီးပွားအတွက် အရည်အသွေးနှင့် စံချိန်စံညွှန်း မပြည့်မီသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာအတုအပများ ဈေးကွက်တွင် ရောင်းချမှုမရှိစေရေးအတွက် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း၊ သတင်းစာများနှင့် ဝန်ကြီးဌာန၏ အပတ်စဉ်ထုတ်လယ်ယာစီးပွားသတင်းစာစောင်တို့တွင် အချိန်နှင့်တစ်ပြေးညီ နှိုးဆော်ချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိတည်ဆဲပိုးသတ်ဆေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များမှာ ခေတ်နှင့်လျော်ညီမှုမရှိသဖြင့် ကျူးလွန်ဖောက်ဖျက်သူများကို ထိရောက်သည့် ပြစ်ဒဏ်များချမှတ်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြင်ဆင် စိစစ်ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **"အချင်းဖြစ်မြေအား အဆင့်ဆင့် လက်ဆင့်ကမ်းရောင်းချပေးခဲ့ခြင်းကို တရားမဝင်မှတ်ပုံတင်ပေးခဲ့သည့် စာချုပ်စာတမ်း ဦးစီးများ၏ လုပ်ရပ်သည် ဥပဒေနှင့် ညီ၊ မညီ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်က ယခုကိစ္စနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုရန် တင်သွင်းလာသော ကာယကံရှင်မှ ပူးတွဲတင်ပြလာသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြေယာပုံစံ(၁၀၅)၊(၁၀၆)အရလည်းကောင်း၊ တင်သွင်းလာသည့် စာချုပ်စာတမ်းကို စာချုပ်စာတမ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ယင်းကဲ့သို့ မှတ်ပုံတင်သွင်းထားသော စာချုပ်နှင့်ပတ်သက်၍ မကျေနပ်ပါက အကျိုးနစ်နာသူသည် သက်ဆိုင်ရာ တရားရုံးတွင် ယင်းစာချုပ်စာတမ်းကို သီးခြားသက်သာခွင့်ဥပဒေတွင် ပြဋ္ဌာန်းချက်နှင့်အညီ ဖျက်သိမ်းပေးရန် လျှောက်ထားဆောင်ရွက်နိုင်ပါသဖြင့် တင်ပြပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်များကို စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလှနိုင်၏ **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဗဟိုဌာနမှ ဝန်ထမ်းများအား လေ့ကျင့်ပေးမှုပြုသည် ဆိုပါလျှင် အဆင့်အတန်းအားလုံး အကျိုးဝင်မှု ရှိ၊ မရှိနှင့် နှစ်စဉ်မည်သို့သော အစီအမံများချမှတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ကိုသိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်းက နိုင်ငံတော်အတွက် လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် HRD အစီအစဉ်ဖြင့် ICT နှင့်သက်ဆိုင်သည့် သင်တန်းများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ဒဂုံတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တို့တွင် နှစ်စဉ်ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **"မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း"**တစ်ရပ်လုံးကို လွှတ်တော်က ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုခဲ့ကြသည်။ **(သတင်းစဉ်)**

# အာရှယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော်  အောက်တိုဘာ  ၁၃**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှယူ-၁၉ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)နှင့် အုပ်စု(က)တို့မှ နောက်ဆုံးပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဂျပန်နှင့် ထိုင်းတို့ အနိုင်ရခဲ့သည်။

**ပထမပွဲ**

ဂျပန် - နှစ်ဂိုး
တောင်ကိုရီးယား - တစ်ဂိုး

ဂျပန်အသင်းမှာ လက်ရှိချန်ပီယံ တောင်ကိုရီးယားအသင်းကို အနိုင်ယူပြီး အုပ်စုပထမနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဂျပန်အသင်းခြေစွမ်းမှာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာသည်ကို တွေ့ရသည်။ ပွဲမှာ အကြိတ်အနယ်နှင့်ကြည့်ကောင်းနေပြီး ဂိုးသွင်းသေချာသည့်အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မီနာမီနိုက ၁၃ မိနစ်နှင့် ၆၅ မိနစ်တို့တွင် သွင်းယူခဲ့သည်။ လက်ရှိချန်ပီယံ တောင်ကိုရီးယားအသင်းမှာ အုပ်စုအဆင့်မတက်သည့်အတွက် အရှက်ရစရာဖြစ်ခဲ့သည်။ ကစားပုံကောင်းခဲ့သော်လည်း အနိုင်ရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ တောင်ကိုရီးယားအတွက်ဂိုးကို ၂၉ မိနစ်တွင် ကင်ယွန်ဟီးက သွင်းပေးခဲ့သည်။

| | |
|---|---|
| ဂျပန် | နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ် |
| တရုတ် | တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ် |
| တောင်ကိုရီးယား | တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ် |
| ဗီယက်နမ် | တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ် |

**ဒုတိယပွဲ**

ထိုင်း - သုံးဂိုး
ယီမင် - နှစ်ဂိုး

ထိုင်းအသင်းမှာ ဦးဆောင်ဂိုးများပေးရသော်လည်း မဆုတ်မနစ် ကြိုးစားအားထုတ်မှုကြောင့် နောက်ဆုံးတွင် အနိုင်ရခဲ့သည်။ သရေကျလျှင် အုပ်စုမှထွက်ရမည်ဖြစ်သည့်အတွက် အနိုင်ရရှိရန် တိုက်စစ်ဆင်ခဲ့သည်။ ပွဲစတစ်မိနစ်တွင် ဦးဆောင်ဂိုးပေးလိုက်ရပြီး မိနစ် ၄၀ တွင် ချေပဂိုးပြန်ရခဲ့သည်။ ၆၄ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံပေးခဲ့ရပြီး ၈၅ မိနစ်တွင် ထပ်မံချေပဂိုးပြန်ရခဲ့သည်။ အနိုင်ဂိုးကို ၈၈ မိနစ်တွင် သွင်းယူခဲ့သည်။ အဆိုပါဂိုးများကို လူစားဝင်လာသူ ပါတီပန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယီမင်အသင်းမှာ နောက်ဆုံးမိနစ်တွင်မှ ချေပဂိုးနှင့်အနိုင်ဂိုးများပေးလိုက်ရပြီး အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။ ယီမင်အသင်းမှာ သရေကျလျှင်ပင် နောက်တစ်ဆင့်တက်မည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့မှုကြောင့် ကွာတားဖိုင်နယ်သို့ မရောက်တော့ပေ။ ယီမင်အသင်းအတွက်ဂိုးများကို တစ်မိနစ်၌ ဟူစိန်ကလည်းကောင်း၊ ၆၄ မိနစ်တွင် အာမက်ကလည်းကောင်း သွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**
**ဝဏ္ဏသိဒ္ဓိကွင်း**

(ပထမပွဲ) ညနေ ၃း၃၀
အီရတ်နှင့် မြောက်ကိုရီးယား
(ဒုတိယပွဲ) ညနေ ၆း၃၀
ယူအေအီးနှင့် အင်ဒိုနီးရှား

**(ကိုကိုစိုးညွန့်)**

**❐ မြန်မာအသင်းမှ**

အုပ်စုမှထွက်ခဲ့ရပြီ ဖြစ်သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းခဲ့သည်။ ပထမပိုင်းတွင် အီရန်အသင်းက ခြေပိုသာသလို ဂိုးရနိုင်သည့် အခွင့်အရေးများစွာ ဖန်တီးနိုင်ခဲ့သော်လည်း မြန်မာဂိုးသမား မျိုးမင်းလတ် လက်စွမ်းပြကာကွယ်နေ၍ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ မြန်မာကစားသမားများမှာ အီရန်ကစားသမားများနှင့် ယှဉ်လျှင် ခန္ဓာကိုယ်အရွယ်အစားရော လျင်မြန်မှုအပိုင်းပါ ကွာခြားသောကြောင့် ဂိုးသွင်းခွင့်များမဖန်တီးနိုင်ခဲ့ဘဲ အခွင့်အရေးကိုလည်း အောင်သူ၊ မောင်မောင်စိုးနှင့် ငြိမ်းချမ်းအောင်တို့ အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် အီရန်အသင်းက အနိုင်ရရှိရေးအတွက် လျင်မြန်မှုနှင့် ခန္ဓာကိုယ်ကြီးထွားမှုကိုအသုံးချကာ ဂိုးရရှိရေးအတွက် ကြိုးပမ်းခဲ့သည်။ အီရန်အသင်းအတွက် အနိုင်ဂိုးများကို ၅၅ မိနစ်တွင် ဇူဆက်ဖ်နှင့် ၈၂ မိနစ်တွင် မိုဟာရာမီတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်း နှစ်ဂိုးပေးထားရချိန်တွင် ထိုင်းအသင်းက နောက်မှလိုက်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိနေရာ နောက်ထပ်တစ်ဆင့်တက်ရေးဖိအားဝင်ခဲ့ရပြီး နောက်ထပ်ဂိုးမပေးရအောင် ကြိုးပမ်းခဲ့ရသည်။

အုပ်စု(က)ပွဲစဉ်များ အပြီးတွင် ထိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ မြန်မာအသင်းနှင့်ယီမင်အသင်းတို့မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်စီတူညီနေခဲ့ပြီး ပြိုင်ပွဲစည်းမျဉ်းအရ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရာ ဂိုးမရှိသရေကျထားသောကြောင့် ဂိုးကွာခြားချက်ကို ကြည့်ရာ မြန်မာအသင်းက အသာရကာ အုပ်စုဒုတိယရရှိခဲ့ခြင်းဖြစ်သည်။ ယီမင်အသင်းနှင့် အီရန်အသင်းမှာ အုပ်စုမှထွက်ရပြီဖြစ်သည်။

အုပ်စု(က)၏ အခြားပွဲစဉ်အဖြစ် ထိုင်းနှင့် ယီမင်တို့ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဂ)ပွဲစဉ်များတွင် ဂျပန်အသင်းက တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗီယက်နမ်နှင့် တရုတ်တို့ တစ်ဂိုးစီ သရေကျသွားသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(ဂ)၌ ဂျပန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ တရုတ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယတို့ရရှိကာ ကွာတားဖိုင်နယ်သို့တက်ရောက်သွားပြီဖြစ်သည်။ လေးမှတ်ရရှိသည့် လက်ရှိချန်ပီယံတောင်ကိုရီးယားနှင့် တစ်မှတ်ရရှိသည့် ဗီယက်နမ်အသင်းတို့မှာ အုပ်စုမှထွက်ခဲ့ရသည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**

ညနေ ၃ နာရီခွဲ
ကာတာ - အိုမန်
ညနေ ၆ နာရီခွဲ
ဥဇဘက်ကစ္စတန် - ဩစတြေးလျ

■

## တောင်းပန်အပ်ပါသည်

(၁၃-၁၀-၂၀၁၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈)တွင် ဖော်ပြခဲ့သော "ရခိုင်ပြည်နယ် (၂၁)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်"သတင်း၌ သတင်းနှင့်ဓာတ်ပုံလွဲမှားမှုအတွက် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။ **(စာတည်း)**

☆ ကျောဖုံးမှ

အဖွဲ့အတွင်းသာမက ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်သွားကြရန် ပြောကြားခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်စေရေးအတွက် နေပြည်တော်တွင် မေ ၁၁ ရက်က ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် ASEAN Summit တွင် ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကြေညာစာတမ်း၏ သဘောတူညီချက် (၂၄)တွင် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်ကို ဒေသတွင်း မူဘောင်တစ်ရပ်အဖြစ်ခံယူပြီး အာဆီယံ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါကြောင်း။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ဦးဆောင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်အထိ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ကော်မတီများကို ဖွဲ့စည်းကာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အများဆုံးဖြစ်ကြသည့် ကလေးသူငယ်များ၊ မိခင်များနှင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် သားသည်မိခင်များ)အား ဦးစားပေး ကူညီစောင့်ရှောက်ရမည်ဟု ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသည့် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ၊ စီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစဉ်များ ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်သွားကြရန်လည်း လိုပါကြောင်း။

သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပွားသည့်အခါ ဖြစ်ပွားရာဒေသရှိ ရပ်ရွာလူထုသည် ပထမဦးဆုံး ရင်ဆိုင်ဖြေရှင်းရသူများဖြစ်ကြပြီး စီမံတုံ့ပြန်ဆောင်ရွက်ရသည်မှာ ဒေသခံအစိုးရများပင် ဖြစ်ပါကြောင်း၊ ဘေးဒဏ်ကျရောက်နိုင်ခြေရှိသည့်ဒေသများရှိ ပြည်သူလူထု၊ ဝန်ထမ်းများနှင့် အစိုးရများ၏ ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်အတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နည်းပြသင်တန်းများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သင်တန်းများ လေ့ကျင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဘာသာရပ်ကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ သိရှိလုပ်ဆောင်နိုင်စေရေးအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ယိုဂိုမူဘောင်လုပ်ငန်းစဉ်များနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်လုပ်ငန်းစဉ်များအတိုင်း အာဆီယံနိုင်ငံများအတွင်း သတင်းအချက်အလက်ဖလှယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် တည်ထောင်ထားသည့် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၀၈ ခုနှစ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဘေး၊ ၂၀၁၀ ခုနှစ်တွင် ဂီရိမုန်တိုင်းဘေး၊ ၂၀၁၁ ခုနှစ်မှာ တာလေငလျင်ဘေးနှင့် မကွေးတိုင်းဒေသကြီး လျှပ်တစ်ပြက်ရေကြီးမှု၊ ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်ဘေးနှင့် ယခုနှစ် မိုးတွင်းကာလ၌ ရေကြီးမှုများဖြစ်ပွားခဲ့သော ဒေသများရှိ ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဘက်စုံကဏ္ဍစုံတွင် ထည့်သွင်းပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည့်အတွက် လူတစ်ဦးတစ်ယောက်ချင်းစီကတာဝန်သိစိတ်ဖြင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံသောလူနေမှုဘဝများတည်ဆောက်ကြပါစို့ဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ် Ms. Renata Dessallien က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ် Ms. Renata Dessallien တို့က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပေးကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ပြသပြီး ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားသည့် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)



**အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ မှတ်တမ်းဓာတ်ပုံပြပွဲအား ကြည့်ရှုအားပေးစဉ်။** (၀၇၅)

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပြပွဲဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပြပွဲဗဟိုကော်မတီအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ဒေါက်တာတင်ရွှေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ကျောက်မျက်ရတနာ ပြပွဲများကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ ပြည်တွင်း၌ ကျောက်မျက်အချောထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများကို လည်း ဖွဲ့စည်းပြီးဖြစ်သည့်အပြင် ကော်မတီအသီးသီးတွင်လည်း ယခင်ပြပွဲအတွေ့အကြုံများ ရှိပြီးဖြစ်သောကြောင့် ယခုကျင်းပမည့်ပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်း ကော်မတီနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက်၊ အသင်းအဖွဲ့အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ပြပွဲအတွက်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



စတုတ္ထအကြိမ် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲကာလတွင် ၁၄ ရက်မှ ၁၅ ရက်အထိ ကြည့်ရှုလေ့လာချိန်အဖြစ် သတ်မှတ်ထားပြီး ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အောက်တိုဘာ ၁၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောက်စိမ်းအသားကျောက် အတွဲပေါင်း ၆၉၈၂ တွဲကို အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက်(၅/၂၀၁၄)
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်
၁၃၇၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

## အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ သတင်းထုတ်ပြန်ခြင်း

၁။ ၂၈-၃-၂၀၁၂ ရက်တွင် ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းခဲ့သော **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ**ကို လက်ရှိအခြေအနေအရပြင်ဆင်ရန် လိုအပ်သဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြင်ဆင်သည့်ဥပဒေကြမ်းကို ရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ပြင်ဆင်လိုသည့် ရည်ရွယ်ချက်မှာ မူလဥပဒေတွင် မပါရှိသော နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဖြည့်စွက်ရန်၊ လက်ရှိဖြစ်ပေါ်နေသော အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုပြဿနာများအရ တားမြစ်ချက်တစ်ခုထပ်မံဖြည့်စွက်ရန်၊ ချမှတ်ထားသော ပြစ်ဒဏ်များမှာ အလားတူပြစ်မှုမျိုးကို ထပ်မံ၍ကျူးလွန်ခြင်းမရှိရေး ဟန့်တားရာရောက်သည့်ထိရောက်မှုရှိသော ပြစ်ဒဏ်များဖြစ်စေပြီး စည်းနှောင်အား ပိုမိုကောင်းမွန်စေရန်တို့ကြောင့် ဖြစ်သည်။

၂။ ယင်းဥပဒေကြမ်းအား ၁-၈-၂၀၁၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့၌အတည်ပြုပြီး ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးရန် ပေးပို့သည်။ နိုင်ငံတော်သမ္မတသည် **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အပေါ် အချက် ၃ ချက် သဘောထားမှတ်ချက်ပြု၍ ၁၃-၈-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြန်လည်ပေးပို့ခဲ့ရာ အပြည့်အစုံကို အောက်တွင်ရှိ စာပိုဒ် ၄ ၏ ဇယားစာတိုင် ၃ တွင် ဖော်ပြထားသည်။

၃။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတကပေးပို့ခဲ့သော သဘောထားမှတ်ချက် ၃ ချက်အပေါ် ၂၂-၉-၂၀၁၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ဆွေးနွေးပြီး ၂ ချက်ကို ပြင်ဆင်ရန် သဘောတူခဲ့သည်။ ကျန် ၁ ချက်ဖြစ်သည့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများအတွက် လွှတ်တော်၏ မူလဖော်ပြချက်အတိုင်း ထောင်ဒဏ်မပါသည့် ငွေဒဏ်ကိုပင် အတည်ပြု၍ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ၂၆-၉-၂၀၁၄ ရက်တွင် ပြန်လည်ပေးပို့လာသည်။

၄။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို အောက်တွင် ယှဉ်တွဲဖော်ပြသည်-

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (က) | ၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-<br>"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-<br>(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေ တစ်ခုခု၏ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး၊" | - ဥပဒေကြမ်း၏ ပုဒ်မ ၂ အရ မူရင်းဥပဒေပုဒ်မ ၁၀ နှင့်စပ်လျဉ်း၍ အစားထိုးပြင်ဆင်ရာတွင် "ပုဒ်မ ၁၀ နှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-" ဟူသော စကားရပ်အား "ပုဒ်မ ၁၀ ၏ **ခြေဆင်းစကားရပ်** နှင့် ပုဒ်မခွဲ(က)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-"ဟု ပြင်ဆင်သင့်ပါသည်။ မူရင်းဥပဒေပုဒ်မ ၁၀ တွင် ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (စ)အထိ ပါရှိရာ ပုဒ်မ ၁၀ တွင် မူလပါရှိသော ပုဒ်မခွဲ (ခ)မှ ပုဒ်မခွဲ (စ)အထိပါ ပြဋ္ဌာန်းချက်များကို ဆက်လက်ထားရှိသည့် အဓိပ္ပာယ် သက်ရောက်မည်ဖြစ်ပြီး ဥပဒေကြောင်းအရ ရှင်းလင်းစေရန်ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ ၏ သဘောထားမှတ်ချက်နှင့် အညီ ပြင်ဆင်သည်။ |
| (ခ) | ၆။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၆ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်"ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်ငါးသိန်း ချမှတ်ရမည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။<br>၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်"ဆိုသည့် စကားရပ်ကို "**ငွေဒဏ်** ကျပ်ငါးသိန်းအထိချမှတ်နိုင်သည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။<br>၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းချမှတ်ရမည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။<br>၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ၏ နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်တစ်ဆယ်သိန်း ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။" | - ဥပဒေကြမ်း၏ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈နှင့်ပုဒ်မ ၉ တို့တွင် မူလဥပဒေ အခန်း(၈)ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူများအား ထောင်ဒဏ်မပါသော ငွေဒဏ်များဖြင့် ပြစ်ဒဏ်ချမှတ်ရန် ဖော်ပြထားပါသည်။ ခေတ်ကာလနှင့်လျော်ညီစွာ <u>စည်းနှောင်အား ပိုမိုကောင်းမွန်ပြီး ဟန့်တားရာရောက်သည့်ထိရောက်မှုရှိသော ပြစ်ဒဏ်များဖြစ်စေရေးအတွက် ငွေဒဏ်အပြင် ထောင်ဒဏ်ပါ ထည့်သွင်းရန် ပြန်လည်သုံးသပ်သင့်ပါသည်။</u> တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်သူများအတွက် ထိုသို့ <u>**ငွေဒဏ်တစ်မျိုးတည်းသာ ပြဋ္ဌာန်းပါက ဟန့်တားရာရောက်သည့် ပြစ်ဒဏ်မျိုးမဟုတ်နိုင်သဖြင့်**</u> အလုပ်ရှင်နှင့် အလုပ်သမားအကြား တာဝန်ရှိသော ဝန်ကြီးဌာနမှ ဖြေရှင်းရာတွင် မျှတမှု၊ ထိရောက်မှုတို့ရှိသော ဥပဒေပြဋ္ဌာန်းချက်များဖြင့် ထိန်းသိမ်းရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ | - ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့်အတိုင်းဆက်လက်ထားရှိသည်။ |
| (ဂ) | ၁၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၄ ၏နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>"၅၄-က။ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်သဖြင့် အရေးယူရမည့်ကိစ္စမှအပ ဤဥပဒေအရ အရေးယူရန်ကိစ္စများသည် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။" | - ဥပဒေကြမ်း၏ ပုဒ်မ ၁၀ အရ ပုဒ်မ ၅၄-က အဖြစ် ဖြည့်စွက်မည့် "ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်သဖြင့် အရေးယူရမည့်ကိစ္စမှအပ ဤဥပဒေအရ အရေးယူရန်ကိစ္စများသည် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။" ဟူသော ဖော်ပြချက်အား "ပုဒ်မ ၄၂ ပါ တားမြစ်ချက်မှအပ ဤဥပဒေပါ အခြားတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။"ဟု ပြင်ဆင်ဖော်ပြသင့်ပါသည်။ ဥပဒေကြောင်းအရနှင့် အသုံးအနှုန်းအရ ရှင်းလင်းစေရန်ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက် နှင့် အညီ ပြင်ဆင်သည်။ |

၅။ ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးနိုင်ရန် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းတွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် ၃ ချက်အနက် ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့နှင့်စပ်လျဉ်းသည့်သဘောထားမှတ်ချက်ကို လက်မခံဘဲ ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုထားသည်။ ဥပဒေအား ကိုင်တွယ်ကျင့်သုံးရမည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အကြံပြုတင်ပြမှုအရ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သူများအပေါ် ငွေဒဏ်တစ်မျိုးတည်းသာ ပြစ်ဒဏ်ပြဋ္ဌာန်းပါက ဟန့်တားမှုမရှိနိုင်သဖြင့်လည်းကောင်း၊ မျှတမှုနှင့် ထိရောက်မှုမရှိနိုင်သည်ကိုလည်းကောင်း၊ သုံးသပ်ရရှိ၍ သင့်တင့်သော ထောင်ဒဏ်ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်သင့်ကြောင်း သဘောထားမှတ်ချက်အဖြစ် ပေးပို့ခဲ့ခြင်းဖြစ်သည်။

၆။ ပြည်ထောင်စုလွှတ်တော်က ထပ်မံဆွေးနွေးအတည်ပြုထားပြီးဖြစ်သောကြောင့် ယင်းဥပဒေအား ပြဋ္ဌာန်းပြီးနောက် ကျင့်သုံးရာတွင် အခက်အခဲရှိလာလျှင် အကောင်းဆုံးဖြစ်စေရေး လွှတ်တော်အနေဖြင့် ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ကြောင်း သဘောထားဖော်ပြလျက် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီး ၃၀-၉-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံ ပြန်လည်ပေးပို့ခဲ့သည်။ ယင်းသဘောထားဖော်ပြပေးပို့သည့်စာအပြည့်အစုံအား အောက်တွင်ဖော်ပြသည်-

*"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၁-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/ ၂၀၁၄-၁၁၀ ဖြင့် ပေးပို့စာ*

*(၂) နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၁၃-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၇(၄)/၈/ သမ္မတရုံးဖြင့် ပေးပို့စာ*

*(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၂၆-၉-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/ ၂၀၁၄-၁၂၂ဖြင့် ပေးပို့စာ*

*၁။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သော **အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ရည်ညွှန်း(၁)ပါစာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က)အရ ပေးပို့ခဲ့ပါသည်။*

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

# (၉၄) နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၃**

(၉၄)နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်နှင့် (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။**(ယာပုံ)**

(၉၄) နှစ်ပြည့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဝင်ဝ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ရုပ်ရှင်အနုပညာရှင် စည်သူ ဒေါက်တာဘွဲ့ရ ဗိုလ်ကလေးဦးတင့်အောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ရုပ်ရှင်ပညာရှင်ကြီးများ၏ ရုပ်တုရှေ့၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ၁၅၀ တို့အား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကန်တော့ကြပြီး ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများအား ကန်တော့ပစ္စည်းများပေးအပ်သည်။

ထို့နောက် အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းထံ Sky Net ရုပ်မြင်သံကြားမှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အပူဇော်ခံသက်ကြီးအနုပညာရှင်ကြီးများကိုယ်စား ဗိုလ်ကလေးဦးတင့်အောင်က ဩဝါဒစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်သူများ၊ အနုပညာရှင်များ၊ ရုပ်ရှင်ရုံများနှင့် အလှူရှင်များက လှူဒါန်းသည့် နိဗ္ဗာန်စျေးပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# အနုပညာရှင်များနှင့် အနုပညာချစ်ပရိသတ်များ စုပေါင်း၍ ကန်တော့ခံ သက်ကြီးပညာရှင်များ ပူဇော်ပွဲ

တွေ့ဆုံမေးမြန်း- ခင်ရတနာ
ဓာတ်ပုံ- တင်စိုး

ရန်ကုန် အောက်တိုဘာ ၁၃

**(၉၄)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် (၅၁)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ မြန်မာ့ရုပ်ရှင်အစည်းအရုံး၌ အနုပညာရှင်များနှင့် အနုပညာချစ်ပရိသတ်များစုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

အနုပညာရှင်များထဲမှ ဝါရင့်အနုပညာရှင်များအား စုပေါင်းကာ လှူဒါန်း ကန်တော့ကြခြင်းဖြစ်ပြီး ကန်တော့ခံ ပညာရှင်ကြီးများကလည်း ဝမ်းပန်းတသာ ကန်တော့ခံကြသည်ကို မြင်တွေ့ရာ ပရိသတ်များ အားရဝမ်းသာလျက်ရှိသည်။

သို့ဖြစ်ပါ၍ တက်ရောက်လာကြသော အနုပညာရှင်အချို့အား တွေ့ဆုံမေးမြန်းခဲ့ရာ-



စည်သူ ဒေါက်တာဘွဲ့ရ ဗိုလ်ကလေးတင့်အောင်။



မြန်မာ့ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်မြင့်မြတ်



ဒေါ်မြင့်မြင့်ခင် (သက်ကြီးကန်တော့ခံအနုပညာရှင်)

**အနုပညာရှင်ကြီး စည်သူဒေါက်တာဘွဲ့ရ ဗိုလ်ကလေးတင့်အောင်**

ဘဘတို့အတွက် မင်္ဂလာရှိတဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ ဘဘတို့လို အသက်အရွယ် ဇရာထောင်းနေသူတွေအတွက် အချင်းချင်းပြန်လည်တွေ့ဆုံကြရတယ်၊ သက်ငယ် အနုပညာရှင်တွေကိုလည်း ဩဝါဒပေးခွင့်ရတဲ့အတွက် အလွန်ပီတိဖြစ်တယ်။ ဘဘတို့ မြန်မာလူမျိုးတွေရဲ့ သီတင်းကျွတ်ကာလမှာ သက်ကြီးတွေကို ပူဇော်ကြတဲ့ပွဲက ချစ်စရာကောင်းတဲ့ ဓလေ့တစ်ခုဖြစ်သလို အသက်အရွယ်ကြီးရင့်သူတွေအတွက်လည်း အားဆေးတစ်ခွက်ဖြစ်ပါတယ်။ ကိုယ့်ကို အသိအမှတ်ပြုနေကြသေးတယ် ဆိုတဲ့ ခံစားချက်က ဖော်မပြနိုင်တဲ့ အားဆေးပေ့ါ။ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀)ပြည့်ပွဲတော်အထိ အသက်ရှင်နေလိုပါသေးတယ်။ အနုပညာနဲ့ ယဉ်ကျေးမှု အဆင့်အတန်းတွေ မြင့်တင်ဖို့အတွက် မျိုးဆက်သစ်တွေကို သတိပေးလိုပါတယ်။

**ဦးလူမင်း(ဥက္ကဋ္ဌ) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော်တို့ အစည်းအရုံးကရော၊ အနုပညာရှင်တွေရော၊ ထုတ်လုပ်ရေးလုပ်ကိုင်သူတွေ အကုန်လုံး စုပေါင်းလှူဒါန်းခဲ့ကြတာပါ။ အလှူငွေကတော့ အစည်းအရုံးက သက်ကြီးတစ်ဦးကို ငွေကျပ် တစ်သိန်းသတ်မှတ်လှူဒါန်းပေးပါတယ်။ စုပေါင်းလှူဒါန်းတဲ့ ပစ္စည်းအမျိုးအစားကတော့ ၃၀ ကျော်ပါတယ်။ အားလုံးပါဝင်ပေးကြတဲ့အတွက် အလွန်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာ့ရုပ်ရှင်လောကကြီး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စုပေါင်းဆောင်ရွက်နေကြရတာပါ။ မကြာခင်မှာပဲ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို အနုပညာလောကသားတွေ စုပေါင်းရွေးချယ်ပေးနိုင်ကြတော့မယ်။ နောက်ပိုင်းမှာလည်းအားလုံးစုပေါင်းလို့ ပိုမိုတိုးတက်တဲ့ အသိုင်းအဝိုင်းတစ်ခုဖြစ်လာအောင် ဆောင်ရွက်ကြမှာပါ။

**ဦးအောင်မြင့်မြတ် နာယက(မြန်မာ့ရုပ်ရှင်အစည်းအရုံး)**

ကျွန်တော်တို့ငယ်ငယ်က သက်ကြီးကန်တော့ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ကြတာတွေ ပြန်အမှတ်ရမိတယ်။ အခုတော့ ကိုယ်က ကန်တော့ခံဖြစ်လာပြီ။ ကျွန်တော်တို့ကို ယနေ့အထိ အသိအမှတ်ပြု ကန်တော့ကြတဲ့ သားသမီးတွေကို ကျေးဇူးတင်မိတယ်။ မတွေ့ရတာကြာပြီဖြစ်တဲ့ ကိုယ့်ရဲ့ အပေါင်းအသင်းတွေကိုလည်း ပြန်တွေ့ကြပြီး ငယ်စဉ်ကအကြောင်းတွေ ပြန်ပြောင်း အောက်မေ့မိတယ်။ ကျွန်တော်က အစည်းအရုံးကို ရက်ခြားနီးပါးရောက်ဖြစ်နေလို့တော်သေးတယ်။ အချို့သက်ကြီးအနုပညာရှင်တွေဆိုရင် အဆက်အသွယ်ပြတ်နေတာအကြာကြီး။ ဒီလိုနေ့မျိုးမှာ ပြန်တွေ့ခွင့်ရလို့ ဝမ်းသာတယ်။

**ဒေါ်မြင့်မြင့်ခင် (သက်ကြီးကန်တော့ခံအနုပညာရှင်)**

ကျွန်မအတွက် ကန်တော့ခံရတဲ့ နှစ်ပေါင်း ၁၁ နှစ်ရှိပါပြီ။ အသက်ရှစ်ဆယ်ကျော်နေပေမယ့် ဒီပွဲကို ရောက်လာတော့ ကိုယ်အသက်ကို ကိုယ်မေ့သွားတယ်။ မစံရှားတင်၊ မခင်ယုမေတို့နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေပြန်ပြောဖြစ်တယ်။ ဇရာက ထောင်းသွားပေမယ့် အနုပညာလောကကြီးထဲမှာ လျှောက်လှမ်းခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်တွေးမိရင် မနေ့တစ်နေ့ကလိုပါပဲ။ မျိုးဆက်သစ်လူငယ်တွေရဲ့ အလိုက်သိပူဇော်ကန်တော့တာကို ခံယူရင်းမေတ္တာပို့မိတယ်။ အားလုံးသော မြန်မာ့ရုပ်ရှင်မိသားစုများ ကျန်းမာချမ်းသာပါစေလို့။

**အကယ်ဒမီ ပြေတီဦး**

သီတင်းဝါလကျွတ်တဲ့အခါ မိဘဆရာသမားတွေကို လက်ဆယ်ဖြာမိုးရှိခိုးခွင့်ရတာ အလွန်မင်္ဂလာရှိပါတယ်။ ကျွန်တော့်အနေနဲ့ အနုပညာလောကထဲ ရောက်ခဲ့တဲ့အချိန်ကစလို့ နှစ်အဆက်ဆက် အတတ်နိုင်ဆုံး သက်ကြီးကန်တော့ပွဲကို ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့အနုပညာရှင်တွေက သဏ္ဍာန်လုပ် သရုပ်ပီပြင်အောင် ပရိသတ်အတွက် ဖျော်ဖြေတင်ဆက်နေကြရတယ်။ လူအများကြီးစုပေါင်းပြီး အားလုံးရဲ့အင်အားတွေနဲ့ တည်ဆောက်ထားကြရတာမို့ အနုပညာရှင်တွေအကြား၊ အသက်ကြီးသူ၊ ဝါကြီးသူနဲ့ အသက်ငယ်သူ၊ ဝါငယ်သူတွေအကြားမှာ အမှားအယွင်းနဲ့ ကိုယ်စိတ်နှလုံးပြစ်မှား မိတတ်တာမျိုးရှိနိုင်တာမို့ အခုလို ပြန်လည်တောင်းပန် ကန်တော့ခွင့်ရတာက အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့အတွက် ဒီနှစ် အကယ်ဒမီ ပေးပွဲကြီးကလည်း သမိုင်းမှတ်တမ်းတစ်ခုဖြစ်လာမှာပါ။ ကျွန်တော့်ကို ရင်ခုန်ပေးကြတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။ အကောင်းဆုံးကြိုးစားထားပြီး ဆုရရှိခဲ့ရင်လည်း ကျေနပ်ဂုဏ်ယူမှာဖြစ်ပြီး မရခဲ့လည်း ပရိသတ်ကြီး အားပေးနေမှုကြောင့် ပိုကြိုးစားသွားမှာပါ။

**အကယ်ဒမီ မေသန်းနု**

အနုပညာရှင်တိုင်း မဖြစ်မနေ လာရောက်သင့်တဲ့ပွဲတစ်ခုဖြစ်ပါတယ်။ သက်ကြီးဝါကြီးတွေကို ကန်တော့ခွင့်ရတယ်။ ဒါ့အပြင် အခုရောက်လာတဲ့ တက်သစ်စလေးတွေဆိုရင် အခုလို ပွဲမှာမှအားလုံးကို စုံစုံလင်လင်မြင်တွေ့ခွင့်ရကြတာ။ အားလုံးက အလုပ်မပြတ်တဲ့သူတွေများတော့ ဆုံနိုင်ဖို့ အခွင့်အရေး နည်းပါးတယ်လေ။ လက်ဆင့်ကမ်းပေးရမယ့် အမွေကောင်းတစ်ခုပါ။ ကျွန်မတို့လည်း မကြာခင် ကန်တော့ခံကြရပြီး အခုမြင်နေရတဲ့ မျိုးဆက်သစ်လူငယ်အနုပညာရှင်တွေရဲ့ အထောက်အကူတွေကို ရယူကြရဦးမှာဖြစ်ပါတယ်။ ပရိသတ်ကြီးအတွက် စတုဒိသာပွဲတော်လည်း ပါဝင်တော့ ပျော်စရာကောင်းမှာပါ။

**မေမြတ်နိုး**

အမှတ်တရက ဒီနေ့ကျွန်မရဲ့ မွေးနေ့ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို ပထမဆုံးအကြိမ် သက်ကြီးပညာရှင်ကန်တော့ပွဲကို တက်ရောက်ခွင့်ရလို့ အလွန်ဂုဏ်ယူပါတယ်။ မွေးနေ့ကုသိုလ်ကို တခြားမှာမလုပ်တော့ဘဲ အနုပညာရှင်ကြီးတွေကို ကိုယ်တတ်နိုင်သလောက် လှူဒါန်းဖြစ်တယ်။ ကျွန်မကိုယ်တိုင်လည်း အနုပညာလောကထဲ ကိုဝင်ရောက်ဖို့ အားယူနေတဲ့သူမို့ အခုလိုပွဲကိုလာရောက်ဖို့ အနုပညာရှင်ဆိုပြီး အသိအမှတ်ပြု ဖိတ်ကြားပေးတာ အထူးကျေးဇူးတင်မိတယ်။ ကျွန်မရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေကို တစုတစည်းထဲ မြင်တွေ့ခံစားရတဲ့အတွက် အမှတ်တရမွေးနေ့တစ်ခုပါပဲ။ ။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း



အကယ်ဒမီ ပြေတီဦး



မေမြတ်နိုး



အကယ်ဒမီ မေသန်းနု

## ဂျိုလီအား ဗြိတိန်ဘုရင်မကြီးက သူရဲကောင်းဘွဲ့အပ်နှင်းချီးမြှင့်

ဟောလိဝုဒ်ငွေကြယ်ပွင့် အိန်ဂျလီနာဂျိုလီအား လိင်အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းများတွင် စွမ်းဆောင်မှုများအတွက် ဗြိတိန်ဘုရင်မကြီးအဲလိဇဘက်-၂ က ဗြိတိန်နိုင်ငံတွင် အမျိုးသမီးများကိုအပ်နှင်းသည့် သူရဲကောင်းဘွဲ့နှင့် အဆောင်အယောင်ဘွဲ့တံဆိပ်ကို အောက်တိုဘာ ၁၀ ရက်က Buckingham နန်းတော်၌ အပ်နှင်းချီးမြှင့်ခဲ့သည်။



ပြီးခဲ့သည့်ဇွန်လက လန်ဒန်၌ ကျင်းပခဲ့ပြီး မင်းသမီး ဂျိုလီကိုယ်တိုင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ESVC ဆမ်းမစ်တွင် ၄င်းအား အဆိုပါဆုအပ်နှင်းချီးမြှင့်ရန် ကြေညာထားခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုသို့ဂုဏ်ပြုခံရခြင်းသည် ဘဝတွင် ကြီးမားသောဆုလာဘ်တစ်ခုဖြစ်ကြောင်း အသက် (၃၉)နှစ်အရွယ် မင်းသမီး အိန်ဂျလီနာဂျိုလီက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကြာခင်ကမှ လက်ထပ်ခဲ့သူ ခင်ပွန်းသည် ဘရက်ပစ်နှင့် သားသမီးခြောက်ဦးလုံး မိသားစုစုံညီစွာဖြင့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## အချစ်ဇာတ်မြူးကားတွင် မြင်တွေ့ရမည့် ဝီလ်စမစ်



စိတ်ကူးယဉ် သိပ္ပံအက်ရှင်ဇာတ်ကားများတွင် အများဆုံးမြင်တွေ့ရလေ့ရှိသည့် မင်းသား ဝီလ်စမစ်ကို Focus အမည်ရှိ အချစ်ဟာသဇာတ်မြူးကားတွင် ဩစတြေးလျမင်းသမီးချော မာဂေါ့ရက်ဘီးနှင့်အတူ လှည့်စားတတ်သူတစ်ဦးအဖြစ် မြင်တွေ့ရမည် ဖြစ်သည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် Warner Bros. ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိပြသမည့် အဆိုပါ အချစ်ဟာသဇာတ်မြူးကားကို ဒါရိုက်တာ Glen Ficarra နှင့် John Requa တို့က ပူးတွဲပုံဖော်ထားကြပြီး ဇာတ်ညွှန်းပိုင်းတွင် မင်းသားဝီလ်စမစ်နှင့် မင်းသမီးမာဂေါ့ရက်ဘီးတို့လည်း ပူးပေါင်းပါဝင်ရေးသားထားကြကြောင်း သိရသည်။

ရွှေကမ္ဘာလုံးဆု လေးဆု၊ အကယ်ဒမီ နှစ်ဆုနှင့် ဂရမ်မီလေးဆုပိုင်ရှင် မင်းသားဝီလ်စမစ်သည် ယင်းဇာတ်ကားတွင် လိမ်လည်လှည့်စားတတ်လွန်းသူ Nicky Spurgeon အဖြစ် အဓိကပါဝင်သရုပ်ဆောင်ထားသည်။

မျိုးစန္ဒာမောင်-စုစည်းသည်




သူ့အတွေး သူ့အရေး

## အချစ်ရေးနဲ့ အိမ်ထောင်ရေး

နန်းခမ်းမိုင်(ပြင်ဦးလွင်)

တစ်သက်မှာတစ်ခါလောက်တော့ လူတိုင်းနီးပါး အချစ်ဆိုတာနဲ့ ကြုံဖူးကြမှာပါ။ အချစ်ဆိုတာ ဘာဆိုပြီး အကောင်အထည်ဖော်လို့မရပေမယ့် အစွမ်းတော့ထက်သား၊ အချစ်ကြောင့်ပျော်ရွှင်ရသလို အချစ်ကြောင့် ဝမ်းနည်းကြေကွဲရတာတွေလဲရှိပါတယ်။ ဒါပေမယ့် အချစ်က ဘဝမဟုတ်ဘူးဆိုတာ တစ်ခါတစ်ခါလူတွေမေ့တတ်ကြပါတယ်။ ချစ်သူဘဝမှာတော့ အချစ်တစ်ခုနဲ့တင် အရာရာပြည့်စုံပေမယ့် အိမ်ထောင်ရေးမှာကျတော့ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့မရပါ။ အိမ်ထောင်ရေးဆိုတာ ဘဝနှစ်ခုကို တစ်ခုအဖြစ်ပေါင်းလိုက်တာပါပဲ။

မင်းသားနဲ့မင်းသမီး ပျော်ရွှင်စွာ ညားကြလေသတည်းဆိုတာ ရုပ်ရှင်ထဲမှာသာ ပျော်ဖို့ကောင်းတာပါ။ အဲ့ဒီညားကြလေသတည်းဆိုတာကမှ တကယ့်ဘဝကို စရမှာပါ။ ဘဝခရီးကလျှောက်ရမှာအရှည်ကြီးပါ၊ အချစ်ဆိုတာ ဖိနပ်ဆိုပါစို့၊ ကိုယ်စီးမဲ့ဖိနပ်ကို ရွေးတတ်ဖို့တော့ လိုပါတယ်။ လမ်းခရီးမှာ ကိုယ်နဲ့အဆင်ပြေပါ့မလား၊ ကြာကြာစီးခံပါ့မလား၊ ခြေထောက်နာ၊ မနာကအစ စဉ်းစားဖို့လိုပါတယ်။ မိန်းကလေးတွေဟာ ကိုယ်ကြိုက်တာက အလွန်လှတဲ့ ဒေါက်ဖိနပ်လေးပေမယ့် ကိုယ်လျှောက်ရမယ့်ဘဝလမ်းခရီးက အရှည်ကြီးဆိုတာ သိဖို့လိုပါတယ်။ အဲဒီ ကိုယ်အလွန်ကြိုက်တယ်ဆိုတဲ့ ဒေါက်ဖိနပ်နဲ့ဆို ကိုယ့်ဘဝအတွက် လမ်းခရီးမှာ ကြာကြာစီးလို့ရပါ့မလား၊ ခြေထောက်နာနေမလားကအစ ထည့်စဉ်းစားသင့်ပါတယ်။ ကိုယ်ရွေးတာသာမှားသွားခဲ့ရင် တစ်ဘဝလုံးနဲ့ဆိုင်တာမို့ ကောင်းရင်လည်း တစ်ဘဝလုံးဖြစ်သလို ဆိုးရင်လည်းတစ်ဘဝလုံး ဖြစ်သွားနိုင်ပါတယ်။

တချို့လူငယ်တွေက အချစ်ရှိရင် အရာရာပြည့်စုံပြီဆိုပြီး တစ်ယောက်နဲ့တစ်ယောက် သေချာမလေ့လာ မပြင်ဆင်ဘဲ အိမ်ထောင်ရေးကို တစ်ခါတည်း ရင်ဆိုင်လိုက်ကြပါတယ်။ အရင်ကတော့ အချစ်နဲ့ပြည့်စုံပေမယ့် တကယ့်လက်တွေ့ဘဝမှာကျတော့ ငွေရေးကြေးရေးကအစ စကားပြောပြီ၊ အဆင်ပြေတယ်ပဲထားဦး၊ ချစ်သူဘဝမှာမသိခဲ့တဲ့ ကိုယ်မကြိုက်တဲ့ အကျင့်၊ သူမကြိုက်တဲ့အကျင့်လေးတွေ သည်းခံစိတ်တွေကုန်တဲ့ အချိန်ကျ အိမ်ထောင်ကျမှုအခက်အခဲ ဖြစ်တတ်ပါတယ်။ မပြင်မဆင်မလေ့လာဘဲနဲ့ တည်ဆောက်တဲ့ အိမ်ထောင်မျိုးက အဆင်မပြေတာ များတတ်ပါတယ်။ တကယ့်တကယ် အိမ်ထောင်လည်းကျရော အကျင့်တွေ၊ အယူအဆတွေကအစ မတူတော့ သိပ်ပြီးအဆင်မပြေလှပါဘူး။ ကလေးတွေ မွေးတဲ့အခါ သူ့ဘက်ဆွဲ၊ ကိုယ့်ဘက်ဆွဲနဲ့ ကြားက ကလေးတွေမှာ မြေစာပင်ဖြစ်လာတဲ့အထိ ဆိုးသွားနိုင်တာမို့ မယူခင် စဉ်းစားသင့်တယ်လို့ အကြံပြုချင်ပါတယ်။ ချစ်ပြီးရင် စဉ်းစားဖို့တွေ၊ လေ့လာတာ တွေကရာခိုင်နှုန်းတော်တော်နည်းတတ်တာမို့ မချစ်ခင် ချစ်သူအဖြစ် မရွေးချယ်ခင်ကတည်းက အစစအရာရာ လေ့လာသင့်ပါတယ်။

အိမ်ထောင်ရေးမှာ အချစ်နဲ့စဉ်းစားချင့်ချိန်ဖို့က ငှက်တစ်ကောင်ပျံသန်းသလို အတောင်ခတ်တာညီဖို့လိုပါတယ်။ ဒါ့ကြောင့် ကိုယ့်ဘဝမှာ အိမ်ထောင်ရေးသာယာပျော်ရွှင်ချင်တယ်၊ ချစ်တဲ့သူနဲ့လည်း ဘဝတစ်သက်တာ လက်တွဲသွားချင်တယ် ဆိုရင်တော့ မချစ်ခင် မိမိနဲ့အဆင်ပြေမယ့် ချစ်သူကို ရွေးချယ်နိုင်ပါစေ၊ ချစ်တဲ့သူတိုင်းလည်း အဆင်ပြေပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



***အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၇ ကို လာမယ့် အောက်တိုဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ပွဲစဉ် ၆ တုန်းက ဂျူဗင်တပ်ကို အငြင်းပွားဖွယ်အဆုံးအဖြတ်တွေနဲ့ ရှုံးခဲ့ရတဲ့ ရိုးမားအနေနဲ့ နိုင်ပွဲပြန်လည်ရှာဖွေရမယ့် ပွဲတွေဖြစ်နေသလို နှစ်ပွဲဆက်ရှုံးထားတဲ့ အင်အားအနေနဲ့လည်း နိုင်ပွဲပြန်ရမလားဆိုတာ စောင့်ကြည့်ရမယ်။***

# အီတလီစီးရီးအေ ရင်ခုန်သံ – ၇

ရှိုင်းမင်းမင်း

**ရိုးမား - ချီယေဗို** **ည ၁၀း၃၀ (၁၈-၁၀-၁၄)**

ရိုးမားက နောက်ဆုံးပွဲမှာ ဂျူဗင်တပ်ကို ရှုံးတယ်ဆိုပေမယ့် ခြေအရ မရှုံးဘူးလို့ဆိုနိုင်တယ်။ ပြီးတော့ ခြောက်ပွဲမှာ အဲဒီတစ်ပွဲတည်းရှုံးတယ်။ အထူးသဖြင့် ၁၁ ဂိုးသွင်းထားတဲ့ တိုက်စစ်နဲ့ လေးဂိုးသာပေးထားရတဲ့ခံစစ်က မျှတမှုရှိတယ်။ ရိုးမားက ချန်ပီယံလိဂ်ရှိပေမယ့် ချီယေဗိုက နောက်ဆုံးလေးပွဲဆက်တိုက်မနိုင်ခဲ့တာနဲ့ ချင့်ချိန်ရမယ်။

**ဆာစူအိုလို - ဂျူဗင်တပ်** **နံနက် ၁း၁၅ (၁၉-၁၀-၁၄)**

ဆာစူအိုလိုက အခုထိ နိုင်ပွဲမရသေးဘူး။ ခြောက်ပွဲမှာ သုံးပွဲသရေကျပြီး သုံးပွဲရှုံးတယ်။ တိုက်စစ်ကလည်း ခြောက်ပွဲမှာ သုံးဂိုးသာရတယ်။ အဲဒီအခြေအနေအရ ဆာစူအိုလိုအနေနဲ့ ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်ပါ့မလား။ ဂျူဗင်တပ်က ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိပြီး ဆာစူအိုလိုရဲ့ကွင်းဖြစ်တာမှန်ပေမယ့် ဆာစူအိုလိုရဲ့ ပျက်ယွင်းမှုနဲ့ပဲ ချင့်ချိန်ရမယ်။

**ဖီအိုရင်တီးနား - လာဇီယို** **ညနေ ၅း၀၀ (၁၉-၁၀-၁၄)**

ဖီအိုရင်တီးနားက ခြေမငြိမ်ဘူးလို့ပြောရင်ရတယ်။ နောက်ဆုံးငါးပွဲမှာ အရှုံးမရှိဘူးဆိုပေမယ့် နှစ်ပွဲတည်းနိုင်တယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေမငြိမ်ဘူး။ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်လည်းရှိတယ်၊ လာဇီယိုက နှစ်ပွဲဆက်အနိုင်နဲ့ ခြေပြန်ကောင်းနေပြီး ဥရောပပွဲမရှိတာနဲ့ပါ ချင့်ချိန်အားပေးရဖို့ရှိတယ်။

**အတ္တလန္တာ - ပါးမား** **ည ၇း၃၀ (၁၉-၁၀-၁၄)**

အတ္တလန္တာက လေးပွဲဆက်ရှုံးပြီး ခြေပျက်နေတယ်။ အဲဒီလေးပွဲမှာ တိုက်စစ်ကလည်း တစ်ဂိုးမှမရဘူး။ ပါးမားကလည်း နောက်ဆုံးငါးပွဲမှာ လေးပွဲတိတိ ရှုံးထားတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းက အတ္တလန္တာထက် ဂိုးသွင်းခြေပိုငြိမ်တယ်။ ဒါကြောင့် ခြေမကွာတဲ့ဒီပွဲမှာ အတ္တလန္တာက အိမ်ကွင်းအားသာမှုရှိပြီး ပါးမားက တိုက်စစ်ပိုကောင်းတာနဲ့ ချင့်ချိန်ရမယ်။

**ကယ်ဂလီယာရီ - ဆမ့်ဒိုးရီးယား** **ည ၇း၃၀ (၁၉-၁၀-၁၄)**

ဆမ့်ဒိုးရီးယားခြေက ဒီရာသီမှာ အံ့သြစရာကောင်းတယ်။ ခြောက်ပွဲကစားပြီးချိန်မှာ အရှုံးမရှိ လေးပွဲအနိုင်ရထားတယ်။ အထူးသဖြင့် ခြောက်ပွဲမှာ နှစ်ဂိုးသာပေးထားရတဲ့ ခံစစ်ပိုင်းက အားရစရာကောင်းတယ်။ ကယ်ဂလီယာရီက ခြောက်ပွဲမှာ တစ်ပွဲပဲနိုင်တယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဆမ့်ဒိုးရီးယားကို ထိန်းနိုင်ပါ့မလား။ ချင့်ချိန်ဖို့လိုတယ်။

**ဗီရိုနာ - အေစီမီလန်** **ည ၇း၃၀ (၁၉-၁၀-၁၄)**

အေစီမီလန်က သုံးပွဲဆက်မနိုင်မှုကို ရပ်တန့်နိုင်ခဲ့ပေမယ့် ခြေစွမ်းက စိတ်မချရသေးဘူး။ ဗီရိုနာကလည်း ခြေသာမန်သာရှိပြီး လက်ရှိခြေက အေစီမီလန်နဲ့ မကွာဘူးဆိုပေမယ့် အိမ်ကွင်းအားသာချက်ရှိနေတယ်။ ပြီးတော့ ဗီရိုနာဟာ အိမ်ကွင်းမှာ ကစားတဲ့ပွဲတွေမှာလည်း ဒီရာသီရှုံးပွဲမရှိသေးတာနဲ့ ရပ်တည်နေတာချင့်ချိန်ရမယ်။

**ပါလာမို - ဆီစီနာ** **ည ၇း၃၀ (၁၉-၁၀-၁၄)**

ပါလာမိုက ဆာစူအိုလိုနည်းတူ နိုင်ပွဲမရသေးဘူး။ အထူးသဖြင့်ခြောက်ပွဲမှာ ၁၄ ဂိုးအထိ ပေးထားရတဲ့ ခံစစ်ကြောင့် အားပျော့မှုတွေများလွန်းနေတယ်။ ဆီစီနာက နောက်ဆုံးငါးပွဲမှာ နိုင်ပွဲမရှိဘူးဆိုပေမယ့် သုံးပွဲတိတိ သရေထိန်းကစားနိုင်တာသတိပြုရမယ်။ အထူးသဖြင့် ဆီစီနာတိုက်စစ်က ဂိုးသွင်းခြေမဆိုးတာနဲ့ ချင့်ချိန်ရမယ်။

**တိုရီနို-အူဒီးနီးစ်** **ည ၇း၃၀ (၁၉-၁၀-၁၄)**

ဒီရာသီမှာ အူဒီးနီးစ်ရဲ့ ခြေမဆိုးဘူး။ ခြောက်ပွဲမှာ တစ်ပွဲပဲ ရှုံးတယ်။ ပြီးတော့ နောက်ဆုံးလေးပွဲမှာ အရှုံးမရှိဘဲ သုံးပွဲအနိုင် ကစားနိုင်တယ်။ ထိုးစစ်ကလည်း ဂိုးသွင်းခြေပုံမှန်နီးပါးရှိတယ်။ တိုရီနိုက အိမ်ကွင်းအားသာချက်ရှိတာမှန်ပေမယ့် ခြောက်ပွဲမှာ တစ်ပွဲပဲနိုင်တယ်။ တိုက်စစ်ကလည်း လေးဂိုးပဲရတာနဲ့ ချင့်ချိန်နိုင်ဖို့လိုတယ်။

**အင်တာ-နာပိုလီ** **နံနက် ၁း၁၅ (၂၀-၁၀-၁၄)**

အင်တာက နှစ်ပွဲဆက် ရှုံးတယ်။ အဲဒီနှစ်ပွဲမှာ ခံစစ်က ခုနစ်ဂိုးအထိပေးရတယ်။ အင်တာအနေနဲ့ ရှုံးပွဲတွေကို ရပ်တန့်ဖို့ အိမ်ကွင်းအားနဲ့ ကြိုးစားမှာဖြစ်ပေမယ့် ဥရောပပွဲကစားဖို့လည်းရှိတယ်။ နာပိုလီက နှစ်ပွဲဆက်နိုင်ခဲ့ပေမယ့် ခြေကအကောင်းဆုံးပုံစံမှာမရှိတဲ့အပြင် ယူရိုပါလိဂ်လည်းကစားရမယ်။ အင်တာကွင်းဖြစ်နေတာနဲ့ ချင့်ချိန်ရမယ်။

**ဂျီနိုအာ-အမ်ပိုလီ** **နံနက် ၁း၁၅ (၂၁-၁၀-၁၄)**

ဂျီနိုအာရဲ့ အဓိကအားနည်းမှုက တိုက်စစ်ပိုင်းပဲ။ ခြောက်ပွဲမှာ ခြောက်ဂိုးသာရသေးတဲ့ တိုက်စစ်ပိုင်းက အားရစရာမရှိတာမြင်သာတယ်။ ဂျီနိုအာရဲ့ကွင်းမှာကစားရမှာဖြစ်ပေမယ့် သတိပြုရမှာက အမ်ပိုလီရဲ့ကစားအားပဲ။ အမ်ပိုလီက နောက်ဆုံးလေးပွဲဆက်မရှုံးအောင် ကစားနိုင်တဲ့အပြင် တိုက်စစ်ပိုင်းအားကောင်းတယ်။ အဲဒါနဲ့ ချင့်ချိန်ရမယ်။




## ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရှနိုက်ဒါအားခေါ်ယူရန် မန်ယူစောင့်ကြည့်နေ

အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် ဂါလာတာစာရေးအသင်း၏ ဟော်လန်ကွင်းလယ်လူဝက်စ်လေရှနိုက်ဒါအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ရှနိုက်ဒါမှာ ဂါလာတာစာရေးအသင်းနှင့် စာချုပ်သက်တမ်းသုံးလသာကျန်ရှိတော့သူဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကိုငြင်းဆိုခဲ့ခြင်းကြောင့် မန်ယူအသင်းက ၎င်းအားပစ်မှတ်ထားလာခြင်းဖြစ်သည်။ မန်ယူအသင်းမှာ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ထိပ်တန်းကစားသမားများကို ခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်ပြီး ရှနိုက်ဒါအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အနေအထားကြောင့် စိတ်ဝင်စားလာခြင်းဖြစ်ကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ ထို့ပြင် ရှနိုက်ဒါမှာလည်း အသင်းပြောင်းရွှေ့ရန်ဆန္ဒရှိနေပြီး လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ဂါလာတာစာရေးအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းမှာ ရှနိုက်ဒါအား လာမည့်ဇန်နဝါရီကာလအတွင်း အသင်းသို့အရောက်ခေါ်ယူသွားဖွယ်ရှိပြီး တစ်ပတ်လုပ်ခပေါင်တစ်သိန်းဝန်းကျင်ဖြင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ရှနိုက်ဒါမှာ ကစားသမားဘဝတစ်လျှောက်တွင် အေဂျက်စ်၊ ရီးယဲလ်မက်ဒရစ်၊ အင်တာမီလန် စသည့် ဥရောပထိပ်သီးကလပ်အသင်းကြီးများတွင် ကစားခဲ့ဖူးသူဖြစ်ပြီး နယ်သာလန်လက်ရွေးစင်အသင်းအတွက်လည်း ၁၀၈ ပွဲ ပါဝင်ကစားကာ ၂၇ ဂိုးသွင်းယူပေးခဲ့သူဖြစ်ကြောင်း သိရသည်။ **(ကိုရဲ)**

### MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၁၀-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ မေတ္တသုတ် |
| ၉း၃၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၅ | သွားမယ်စားမယ် (Hadey's Fried Chicken) |
| ၁း၀၀ | "ဓမ္မဂုဏ်" တရားတော် (ဆရာတော်အရှင်ဝါယာမသာရ) |
| ၄း၀၀ | Cartoon Series (English Playground) |
| ၄း၃၅ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၅း၀၀ | Minute to Win It |
| ၁၀း၃၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၅၀ | Minute to Win It |
| ၁၁း၂၅ | World Of Knowledge (Classified Secret Services Files-United Nations Lockdown) |
| ၄း၄၅ | လောကအလင်းရောင်ဝိပဿနာ ဉာဏ်တန်ဆောင် |

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

**မြေကွက်ရောင်းမည်**
မြောက်ဥက္ကလာပမြို့နယ်၊
ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၊
ပေ(၂၀×၆၀)၊ ပါမစ်မြေ။ သိန်း(၁၇၀)
ဖုန်း-၀၉-၃၁၃၅၁၁၅၃






## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သားလေး မောင်ကျော်ပုညဟိန်း (Grade 5-B, အထက -၅၊ မရမ်းကုန်း)၏ ၁၄-၁၀-၂၀၁၄ရက်တွင် ကျရောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး လိုအင်ဆန္ဒအဝဝပြည့်ဝ၍ မိဘကျေးဇူးအထူးသိတတ်သော ယဉ်ကျေးလိမ္မာ သားကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---


ချစ်ဘိုးဘိုး - ဦးသန်းအောင်
ချစ်ဖေဖေ - ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)(D.T.S 101)
ချစ်မေမေ - ဒေါ်ထွေးထွေးခိုင်(B.A-Eco)
ချစ်မမ - မအေးချမ်းမိုး(Grade 11-B, အထက-၂၊ စမ်းချောင်း)
ချစ်အစ်ကိုကြီး - ကိုမျိုးမင်းထက်











❖ စာမျက်နှာ ၁၀ မှ

*သို့ရာတွင် ပေးပို့လာသော ဥပဒေကြမ်းအပေါ် ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး၍ အကောင်းဆုံးဥပဒေဖြစ်လာနိုင်ရေးအတွက် အချက် ၃ ချက်ကို သုံးသပ်ပြင်ဆင်နိုင်ရန် သဘောထားမှတ်ချက်အဖြစ် ရည်ညွှန်း(၂)ပါစာဖြင့် ပေးပို့ခဲ့ပါသည်။*

*၂။ ပေးပို့ခဲ့သည့် သဘောထားမှတ်ချက်များအနက် ဥပဒေကြမ်း၏ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြု၍ လက်မှတ်ရေးထိုးရန် ပေးပို့လာသည်ကို တွေ့ရှိရပါသည်။ ကိုင်တွယ်ကျင့်သုံးရမည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ တင်ပြမှုအရ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သူများအပေါ် ငွေဒဏ်တစ်မျိုးတည်းသာ ပြစ်ဒဏ်ပြဋ္ဌာန်းပါက ဟန့်တားမှုမရှိနိုင်သဖြင့် လည်းကောင်း၊ မျှတမှုနှင့် ထိရောက်မှုမရှိနိုင်သည်ကို လည်းကောင်း သုံးသပ်ရရှိ၍ သင့်တင့်သောထောင်ဒဏ် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်သင့်သည်ကို သဘောထားမှတ်ချက် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။*

*၃။ ဤဥပဒေအား ပြဋ္ဌာန်းပြီး ကျင့်သုံးရာတွင် အခက်အခဲရှိလာလျှင် အကောင်းဆုံးဖြစ်စေရေး လွှတ်တော်အနေဖြင့် ပြန်လည်သုံးသပ်ရန် ရှိလာပါကလည်း ဆောင်ရွက်သင့်ကြောင်း ဖော်ပြပါသည်။*

*၄။ ပြည်ထောင်စုလွှတ်တော်က ထပ်မံဆွေးနွေးအတည်ပြုထားပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပါသည်။*

*၅။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးသော **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်အရပေးပို့ပါသည်။"*

၇။ ပြည်ထောင်စုလွှတ်တော်သည် **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ၃၀-၉-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၀ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး အပြည့်အစုံကို ၄-၁၀-၂၀၁၄ ရက်နှင့် ၅-၁၀-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

၈။ ပြည်ထောင်စုလွှတ်တော်မှ ထပ်မံဆွေးနွေးအတည်ပြုမှုအရ **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား နိုင်ငံတော်သမ္မတက သဘောထားဖော်ပြလျက် လက်မှတ်ရေးထိုးခဲ့သည့် အခြေအနေကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မိုးသည်းထန်စွာရွာသွန်း၊ အုတ်တံတိုင်းပြိုလဲ၍ ကျောင်းနံရံပျက်စီး

**ရေစကြို အောက်တိုဘာ ၁၃**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ်၏အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် အောက်တိုဘာ ၁၂ ရက် ညနေပိုင်းမှ အောက်တိုဘာ ၁၃ ရက် နံနက်အထိ ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၂ ဒသမ ၈၈ လက်မ ဖြစ်သည်။

အဆိုပါ ရွာသွန်းခဲ့သောမိုးကြောင့် ရေစကြိုမြို့ အမှတ်(၃) ပန်တော်တင် ရပ်ကွက်နေ ဦးစိုးတင့်-ဒေါ်နီတို့၏နေအိမ်ကို ကာရံထားသည့် အမြင့် ခုနစ်ပေ၊ အလျား ပေ ၇၀ ခန့်ရှိ အုတ်တံတိုင်းအခြေမှပြိုလဲမှုကြောင့် ၎င်းအုတ်တံတိုင်းနှင့်ကပ်လျက်ရှိသော အမှတ် (၁) အခြေခံပညာမူလတန်းကျောင်း၏ နံရံအချို့ ပျက်စီးသွားကြောင်း သိရသည်။**(ယာပုံ)**



အဆိုပါပျက်စီးမှုနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးသောင်းထွေးရီတို့ ကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဝင်းမောင်နှင့် ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များ၊ မိဘဆရာအသင်းဝင်များ တွေ့ဆုံညှိနှိုင်းကြရာ ဦးစိုးတင့်-ဒေါ်နီတို့မှ ပျက်စီးသွားသော ကျောင်းနံရံများကို ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

## ခရီးသည်တင်ဒိုင်နာယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက် ခရီးသည် ၂၀ ဒဏ်ရာများရရှိ

**ရန်ကုန် အောက်တိုဘာ ၁၃**

မင်္ဂလာဒုံမြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက် ညပိုင်းက ခရီးသည်ယာဉ်တစ်စီး အရှိန်လွန်ကာ တိမ်းမှောက်ခဲ့သဖြင့် ခရီးသည် ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် နယ်မြေ၌ အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီခွဲက ကုန်းတလဘောင်ရပ်ကွက် တိုက်ဂါး ဘီယာစက်ရုံလမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော M/---- အမှတ် (၁၃၀) ယာဉ်လိုင်းခရီးသည်တင် ဒိုင်နာယာဉ်သည် တိုက်ဂါးဘီယာစက်ရုံအနီး အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသည်။

ယင်းကဲ့သို့ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးသွားခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည် စုစုပေါင်း ၂၀ တို့တွင် ဖူးရောင်၊ ပေါက်ပြဲ၊ နာကျင် ဒဏ်ရာများရရှိသောကြောင့် မြောက်ဥက္ကလာပ ဆေးရုံ၌ အတွင်း/အပြင်လူနာ(မစိုးရိမ်ရ)များ အဖြစ် တင်ပို့ကုသပေးခဲ့သည်။ အဆိုပါယာဉ်မောင်းအား စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**


# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၁၂-၁၀-၂၀၁၄ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးအား သိဒ္ဓိတင်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး၊ မင်္ဂလာရွှေကြိုး ဆင်မြန်းပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ လူကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းပို့ပေးပါသော နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာပွဲသို့တက်ရောက်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းပို့ပေးပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီး အငြိမ်းစားများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်တော်များ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့အသီးသီးမှ မိတ်ဆွေများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော မဟေမာနေဝင်းနှင့် ဒေါက်တာသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ တေးသီချင်းများသီဆိုပေးပါသော အကယ်ဒမီရန်အောင်၊ အကယ်ဒမီ မေသန်းနုနှင့် နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးပါသော သမီးငယ် မရတနာစိုး၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ယုသန္တာတင်၊ မင်္ဂလာပန်းကလပ်ကိုင်ဆောင်ပေးပါသော မသီရိစိုးမင်းအေး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာရွှေကြိုးသယ်ဆောင်ပေးပါသော မပန်းအိဇော်၊ သတို့သားအရံ မောင်ကောင်းကျော်စံနှင့် မောင်ရှိုင်းကေ၊ သတို့သမီးအရံ မဇင်နွယ်လင်းနှင့် မကေခိုင်ဇော်၊ သတို့သမီး မိတ်ကပ်၊ ဆံပင်နှင့် ဝတ်စုံ မိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာအရံဝတ်စုံ ဒီဇိုင်နာ မျိုးမင်းစိုး၊ မင်္ဂလာအရံ ဆံပင်၊ မိတ်ကပ်-ကျော်မိုးနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ကိုတင်အောင်၊ မစံပယ်ထွန်း(Best Jewellery)၊ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး၊ Pre-wedding ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း၊ ပန်းအလှဆင် အန်တီနီလာ (Eternal Floral)၊ Modelများ ကူညီပေးပါသော ဦးချိုကြီး(Royal Stars Event Planner Group)၊ အစစအရာရာကူညီပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အစမှအဆုံး လှပအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အသေးစိတ်စီစဉ်ပေးပါသော အန်တီမြတ်မြတ်ဦး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာဖိတ်စာများအား စီစဉ်ပေးပါသော ကိုရဲကံဇော်နှင့်ဇနီး မမေဖြိုးထွန်း(VIRIYA-Luxury)၊ အချိန်နှင့်တစ်ပြေးညီ စိတ်တိုင်းကျရိုက်နှိပ်ပေးပါသော မစု(ဒဂုံပုံနှိပ်တိုက်)၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပေးပါသော Sedona Hotelမှ မလီလီနှင့်ဝန်ထမ်းများ၊ ကားရပ်နားရာနှင့် ထိုင်ခုံနေရာအခက်အခဲများ လိုအပ်ချက် တစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန် မေတ္တာရပ်ခံရင်း ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်စည်သူ-မပိုးအိမင်းအေး**

ဖတ်စရာ

# ခြေထောက်အကြောထုံးခြင်းအတွက် သိမှတ်ဖွယ်ရာအပြာပြာ

**à wifxufxufZmf**



အကြောများဆိုင်းပြီး သွေးကြောပိတ်ဆို့ရောင်ရမ်းလာခြင်းကို ဆေးပညာအရ ic osevein လို့ ခေါ်ပါတယ်။ များသောအားဖြင့် ခြေထောက်နှင့် ခြေမျက်စိတို့တွင်ဖြစ်လေ့ရှိပြီး၊ သွေးကြောအဆို့ ရှင်များ အားနည်း၍ ကောင်းစွာအလုပ်မလုပ်နိုင်ခြင်းကြောင့် ဒီရောဂါဖြစ်လာပါတော့တယ်။ အဲဒီလို ပိတ်ဆို့ခြင်းက ကြီးကြီးမားမားပြဿနာမဟုတ်သော်လည်း လွန်ကဲစွာ အကြောထုံးလာခဲ့ရင်ဖြင့် နောက်ဆက်တွဲရောဂါအန္တရာယ်များ ဖြစ်ပေါ်လာစေပါတယ်။

အလုပ်အရှားနည်းသည့် သက်ကြီးရွယ်အိုများ၊ အရွယ်မတိုင်မီ အဝလွန်သူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဖြစ်လေ့ရှိပါတယ်။ရောဂါလက္ခဏာများကတော့ -

(၁)ခြေထောက်ရောင်ကိုင်းခြင်း၊

(၂)သွေးကြောများယားယံခြင်း၊

(၃) အရေပြားအရောင် ပြောင်းလဲသွားခြင်းတို့ ဖြစ်ပါတယ်။

သာမန်အကြောထုံးခြင်းကို အနေအထိုင် အစားအသောက်ဖြင့် ထိန်းထားနိုင်သော်လည်း၊ သာမန်ထက်ဆိုးရွားလာရင်တော့ လိုအပ်သော စစ်ဆေးမှုတွေလုပ်ပြီး ရောဂါအတိမ်အနက်ပေါ်မူတည်ကာ-

(၁) လေဆာပစ်ခြင်း၊

(၂) ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း၊

(၃) ခွဲစိတ်ခြင်း စသည်ဖြင့် ကုသမှုခံယူသင့်ပါတယ်။

**အနေအထိုင်ဆင်ခြင်ပါ –**

(၁) ကောင်းစွာ သွေးလည်ပတ်စီးဆင်းခြင်းက အကြောထုံးဝေဒနာ (လုံးဝ) မဖြစ်စေနိုင်ပါ။ထို့ကြောင့် လမ်းများများလျှောက်၊ ခပ်ဖွဖွပြေး၊ စက်ဘီးစီး၊ ရေကူး စသည့်လေ့ကျင့်ခန်းတစ်ခုခုကို နာရီဝက် (သို့မဟုတ်) ၄၅ မိနစ်ခန့် နေ့စဉ်ပုံမှန်လုပ်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကောင်းစေသည့်အပြင် ကိုယ်အလေးချိန်ပါ ကျစေပါတယ်။

(၂) ကြာမြင့်စွာမတ်တပ်ရပ်အလုပ်လုပ်ခြင်းက ခြေထောက်ကို ဝန်ပိစေပြီး၊ အကြောထုံးလာစေလို့ သတိပြုပါ။

(၃) ခုံပေါ်မှာ အကြာကြီးထိုင်၍ အလုပ်လုပ်ခြင်း၊ တီဗွီကြည့်ခြင်း (သို့မဟုတ်) ကွန်ပျူတာ ကြာမြင့်စွာသုံးခြင်း၊ ခြေထောက်နှစ်ချောင်းချိတ်ထိုင်ခြင်း၊ ပေါင်ပေါ်သို့ လေးလံသော ပစ္စည်းတင်၍ ထိုင်ခြင်း စသည်တို့က သွေးလည်ပတ်မှုကိုတားဆီးပိတ်ဆို့စေပါတယ်။

(၅) ဒေါက်မြင့်ဖိနပ်စီးပြီး ခရီးဝေးလမ်းလျှောက်ခြင်း (သို့မဟုတ်) မတ်တပ်ရပ်ခြင်းကလည်း သွေးကြောပိတ်ဆို့စေနိုင်ပါတယ်။

(၆) မိမိခြေထောက်ထက်သေးငယ်သည့်ဖိနပ်စီးခြင်း၊ ခြေအိတ်သေးသေးဝတ်ဆင်ခြင်းတို့ကလည်း ခြေထောက်သွေးကြောထုံးစေတဲ့ ပြဿနာများပါပဲ။

(၇) တစ်ခါတစ်ရံမှာ အကြောထုံးများက သည်းမခံနိုင်လောက်အောင် ယားယံစေသော်လည်း ကုတ်ခြစ်ခြင်း မပြုပါနဲ့။ သွေးထွက်အနာဖြစ်စေပါတယ်။

**အစားအသောက်ဖြင့်ထိန်းပါ –**

(၁) သကြား၊ အချိုကဲသောအစားအစာများ၊ ရေခဲမုန့်၊ ဆီကြော်မုန့်များ၊ အဆီများသောအစားအစာများ၊ တိရစ္ဆာန်မှရသော အဆီအနှစ်များ၊ ပြန်လည်ပြုပြင်ထားသော အသင့်စား အစားအစာများ၊ ဆားနှင့် ငန်သောအစားအစာများ စသည်တို့ကို ရှောင်ပါ။ (သို့မဟုတ်) အနည်းငယ်သာစားပါ။

(၂)ဆေးလိပ်နှင့်အရက်ကိုရှောင်ပါ။

(၃) ငါးများများစားပါ။

(၄) ပဲပိစပ်၊ ကြက်သွန်နီ၊ ချင်းတို့က သွေးလည်ပတ်မှုကို များစွာကောင်းကျိုးပြုပါတယ်။

(၅) နာနတ်သီး၊ ချယ်ရီသီးနှင့် ဘယ်ရီသီးတို့က အကြောထုံးပိတ်ဆို့ခြင်းအတွက် အကောင်းဆုံးဓာတ်စာများ ဖြစ်ကြပါတယ်။

(၆)ဝမ်းချုပ်ခြင်းက အကြောထုံးခြင်းနှင့် ပတ်သက်ဆက်နွယ်နေတာမို့ ဝမ်းမချုပ်အောင် အမျှင်ဓာတ်များသော အစားအစာများ စားပေးပါ။

(၇) မုန်လာဥနီနှင့် ဟင်းနုနယ်ကို တွဲဖက်စားပေးခြင်းဖြင့် ၎င်းနှစ်မျိုးဓာတ်ပြုခြင်းက အကြောထုံးရောဂါအတွက် ဆေးစွမ်းထက်မြက်စေပါတယ်။

**လွယ်ကူသက်သာအိမ်တွင်းကုထုံး –**

(၁) ပန်းသီးရှာလကာရည်က အကြောအထုံးများကိုပြေပျောက်စေလို့ မကြာခဏလိမ်းပေးပါ။ (ပန်းသီးရှာလကာရည်ကို City mart တွင် ရ၏။)

(၂) ကြက်ဆူဆီကလည်း အကြောထုံး၍ ရောင်ကိုင်းနာကျင်ခြင်းကို အချိန်တိုအတွင်း ပျောက်ကင်းသက်သာစေ၍ ရေချိုးပြီး ကြက်ဆူဆီဖြင့် အသာအယာ နှိပ်နယ်လူးပါ။

(၃) နာကျင်မှုသက်သာစေရန်နှင့် သွေးလည်ပတ်မှုကောင်းစေရန်အတွက် ရေဘုံပိုင်မှ ရေအေးအေးဖြင့် အကြောအထုံးများပေါ်သို့ အဆက်မပြတ်လောင်းချပေးပါ။

ကိုးကား - Home remedies for Varicose

## မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှု စီမံချက် ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ညှိနှိုင်းဆွေးနွေး

**ဘီးလင်း၊ အောက်တိုဘာ ၁၃**

အောက်တိုဘာ ၂၀ မှ ၂၄ ရက်အထိ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုစီမံချက်လုပ်ငန်း အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ၁ နာရီက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသိန်းထွန်းအောင်တို့က မွေးဖွားမှုမှတ်ပုံတင်ခြင်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါ်ခင်အုန်းမြင့်က စုရပ်အလိုက်ပါဝင်သည့် ရပ်ကွက်၊ ကျေးရွာများ၏ အမည်စာရင်းနှင့် ဖြည့်စွက်ရမည့် အချက်အလက်ပုံစံနှင့် စည်းကမ်းချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများကို မေးမြန်းဆွေးနွေးဖြေကြားမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဘီးလင်းမြို့နယ်တွင် စုရပ် ၁၀ ခုထားရှိပြီး အောက်တိုဘာ ၂၀ ရက်တွင် အသက်ငါးနှစ်မကျော်လွန်သေးသော ကလေးငယ်များကိုသာ မွေးဖွားမှုမှတ်ပုံတင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ် ထီလုံရေဘုတ်ရေလှောင်တမံတွင် ရေချိုပုစွန်နှင့် ငါးသားပေါက်မျိုးများ စိုက်ထည့်

**ဘားအံ၊ အောက်တိုဘာ ၁၃**

ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များတွင် ရေနေသတ္တဝါများ ပေါကြွယ်ဝရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့် ငါးပုစွန်များ ဒေသတွင်း ပျံ့နှံ့ပေါများ၍ ငါးပုစွန်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိစေရန် ဧကပေ ၁၀၀၀၀ ခန့်ရှိ ရေဘုတ်ရေလှောင်တမံ ရေပိုရေလွှဲမှတစ်ဆင့် ငါးပုစွန်များ မြစ်ချောင်းအင်းအိုင်များသို့ ရောက်ရှိသွားပြီး ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံကျေးရွာ၊ ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန၊ ရေဘုတ်ရေလှောင်တမံအတွင်းသို့ ရေချိုပုစွန်သားပေါက်များနှင့် ငါးသားပေါက်များ စိုက်ထည့်ပေးခြင်းကို အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

ပုဇွန်သားပေါက်များနှင့် ငါးသားပေါက်များ စိုက်ထည့်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်ကြီးကြပ်ရေးအဖွဲ့များ၊ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာညွန့်ဝေနှင့် ဝန်ထမ်းများ၊ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများက စိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါငါးသားပေါက်စိုက်ထည့်ရာတွင် ရေချိုပုစွန်သားပေါက် ပိဿာ ၄၀၊ မျိုးပုစွန်ထုပ်ကောင်ရေ ၆၀၀၀ ကောင်၊ ငါးခုံးမကြီးသားပေါက်နှင့် ငါးမြစ်ချင်းသားပေါက် သုံးသောင်းကျော်အား ဆည်အတွင်းသို့ စိုက်ထည့်ပေးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စိုက်ထည့်ခြင်းမှာ သုံးကြိမ်မြောက်ဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၅၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၅၄/က)၊ ဇေယျာ(၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးလှသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှသိန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၉၂၉(၁၅-၃-၂၀၁၂) ဖြင့် လွှဲအပ်ခံရသူ ဒေါ်စောသီတာ[၅/စကန(နိုင်)၁၆၉၁၁၅]ကပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၈၇၉၀(၁၅-၈-၂၀၁၄)နှင့် မြေရာဇဝင်မှတ်ချက်ပါ (၂၀၁၁)ခုနှစ်တွင်ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ မြေရာဇဝင်၊ (၂၀၁၃)ခုနှစ်တွင် ကူးယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံ၊ မြေရာဇဝင်တို့ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ-၁၀၆၂၃(၁၀-၉-၂၀၁၄)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၁၈၈)၊ မြေကွက်တည်နေရာအမှတ်(၁၈၈)၊ တုသိတာလမ်း၊ ဦးအုန်းမောင်[၁၂/ဥကမ(နိုင်)၁၁၇၈၀၂]၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးအုန်းမောင်(မိခင်)ဒေါ်မြညွန့်နှင့် သားဖြစ်သူ ဦးသိန်းမြင့်တို့ကွယ်လွန်သဖြင့် ဦးစန်းမြင့်[၁၂/ဥကမ(နိုင်)၁၃၀၉၈၆]၊ ဦးတင်မြင့်[၁၂/ဥကမ(နိုင်)၁၂၉၆၄၆]၊ ဒေါ်သင်းသင်းရီ[၁၂/ဗတထ(နိုင်)၀၀၄၃၃၇]၊ ဒေါ်လှလှဝင်း[၁၂/ဥကမ(နိုင်)၁၀၂၈၆၇]၊ ဦးနေဝင်း[၁၂/ဥကမ(နိုင်)၁၁၆၆၇၄]၊ ဒေါ်မင်းမင်းရီ [၁၂/ဥကမ(နိုင်)၁၂၈၇၂၀]၊ ဦးအောင်သူ[၁၂/ဥကမ(နိုင်)၁၃၀၆၂၄]၊ ဦးထွန်းမြင့်[၁၂/ဥကမ(နိုင်)၁၃၀၆၂၂]၊ ဒေါ်တင်ဝင်း[၁၂/ဥကမ(နိုင်)၀၄၃၀၄၅]တို့က သားသမီးများချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ ၎င်းတို့ထံမှ GP(၃၅၉၁/၁-၃-၂၀၁၃) GP(၃၅၉၂/၁-၃-၂၀၁၃) GP(၄၀၄၄/၈-၃-၂၀၁၃) GP(၁၀၉၇၉/၄-၇-၂၀၁၃)ဖြင့်ရရှိသူ ဦးကြည်စန်း[၁၂/ဥကမ(နိုင်)၀၀၀၅၁၅] မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၁၁၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၁၁/ခ)၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်ရှိ ဦးသန်းဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းဝင်း (LPA- ၁၇၈၇၁၂)မှ မြေချပါမစ်ထုတ်ယူ ခွင့်ပြုပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၈/၅)၊ မြေကွက်အမှတ်(၅၂၅/က)၊ (အလျားပေ ၂၀×အနံပေ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးစိန်လှမြိုင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးအောင်ဇော်နိုင်(ဘ)ဦးကြည်အေး[၁၄/ဒဒရ(နိုင်)၀၇၇၃၂၆]ကိုင်ဆောင် ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

မြေယာရုံးခွဲ (၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၇)၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ ရွာလယ်လမ်း၊ ဇ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (မသဲနှစ်၊ တောင်လုံးပြန်) အမည်ပေါက် ၃(က)မြေအား အမည်ပေါက် မသဲနှစ်၊ တောင်လုံးပြန်ကို တရားပြိုင်ထား၍ ဒေါ်ခင်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်(၆) တရားလိုပြု၍စွဲဆိုသော တရားမကြီးမှုအမှတ်(၄၇၆/၂၀၁၂)၏ စီရင်ချက်နှင့် ဇာရီမှုအမှတ် (၅၀/၂၀၁၃)၏ အမိန့်(၁-၈-၂၀၁၄)ရက်တွင် ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးဘီလစ်ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှအမည်ပေါက် တရားရှုံး(ကိုယ်စား) အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၆)၊ မြေကွက်အမှတ်-၈၆(ခ)၊ မြေကွက်တည်နေရာအမှတ်(၅၂၆/၈၆) (ခ)၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာ၊ (ဦးစံသိန်း၊ ဒေါ်သန်းမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းမြင့်(အစ်မ) အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးစံသိန်း[၁၂/လမန(နိုင်)၁၁၀၁၄၅]မှသေစာရင်း၊ မောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆စီ၁)၊ မြေကွက်အမှတ် V၂၆၂၊ မြေကွက်တည်နေရာအမှတ်(၄၄)၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နှစ်(၆၀)ဂရန်မြေ၊ အမည်ပေါက် ဦးမောင်ဦး၊ ဒေါ်တင်ညွန့်တို့ ကွယ်လွန်သဖြင့် ဒေါ်ညွန့်ရီ[၁၂/ကမတ(နိုင်)၀၂၁၀၅၉]၊ ဦးတင်ထွဋ်[၁၂/သဃက(နိုင်)၀၉၂၀၃၇]၊ ဒေါ်တင်တင်လေး[၁၂/ကမတ(နိုင်)၀၂၁၂၃၁]နှင့် ဒေါ်ညွန့်ရီ ဦးတင်ထွဋ် ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၉၃၄/၁၄)ရသူ ဦးမျိုးမင်းသန့်[၁၂/ကမတ(နိုင်)၀၀၀၀၉၆] တို့က သားသမီး၊ ချွေးမတော် စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိက မြေပုံကူးလျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့သဖန်းဆိပ်ဆည်အနောက်ခြမ်း ကျေးရွာချင်းဆက်လမ်းများ ဒေသခံများပြုပြင်



**ကျွန်းလှ၊ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်း ကျေးရွာချင်းဆက်လမ်းများရှိ ချောင်းကူးလမ်းများမှာ မိုးရွာသွန်းမှုများကြောင့် ချောင်းရေလျှံ၍ လမ်းပျက်စီးသွားကာ ယင်းဒေသခံများက စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး ပြုပြင်နေကြကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း ပေကုန်း-လိပ်စင်းတောင်-ပေပင်ချောင်ကျေးရွာတို့ကို ကျောက်ချောလမ်းခင်းထားကြောင်း၊ အသွားအလာများပြီး နှစ်ကြာလာသည်နှင့် လမ်းပျက်စီးနေကြောင်း၊ ချောင်းအနီးလမ်းများ ချောင်းရေလျှံခြင်းကြောင့် ပို၍ပျက်စီးကြောင်း၊ ချောင်းကူးရန် လူကူးတံတားနှင့် ပျက်စီးနေသောလမ်းများကို ရွာသူရွာသားများ စုပေါင်းပြီး ဆောက်လုပ်ပြုပြင်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ သဖန်းဆိပ်ဆည်အနောက်ခြမ်းကျေးရွာတွေမှာ ဒီလမ်းကို အားထားပြီး သွားလာနေပါတယ်။ ပေပင်ချောင်ကျေးရွာမှာ အ. ထ. က ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ထားသလို တိုက်နယ်ဆေးရုံလည်းရှိတာကြောင့် ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ဈေးသည်တွေ၊ ရွာသူရွာသားတွေ၊ ရေနံမှော်သွားခရီးသည်တွေ နေ့စဉ်သွားလာနေကြရတယ်။ သွားရေးလာရေး လွယ်ကူစေရန် ကျင်းချိုင့်ဖြစ်နေတဲ့ လမ်းတွေကိုလည်း မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်ထွန်းက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ကျေးရွာအုပ်စု ၃၄ အုပ်စု၊ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာပေါင်း ၁၁၃ ရွာရှိပြီး သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်းတွင် ကျေးရွာပေါင်း ၇၀ ကျော်နေထိုင်ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရေဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးဖြစ်ထွန်းရေး ကွင်းဆင်းပညာပေး ဆွေးနွေးဆောင်ရွက်

**ရေဦး၊ အောက်တိုဘာ ၁၃**

၂၀၁၄-၂၀၁၅ ခုနှစ် မိုးသီးနှံ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်စေရေးအတွက် ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်း၏ ကြီးကြပ်မှုဖြင့် နယ်မြေအလိုက် စိုက်ပျိုးရေးပညာပေးဆွေးနွေးမှုများ ကွင်းဆင်းပြုလုပ်သွားမည်ဖြစ်သည်။

မိုးသီးနှံစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်စေရေး စိုက်ပျိုးရေးပညာပေး ကွင်းဆင်းခြင်းကို ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၀ရက်အထိ လက်တွေ့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးခြင်း၊ တောင်သူများနှင့် နှီးနှောဖလှယ်ခြင်းများကို တစ်လကြာ ဆောင်ရွက်သွားမည် ဖြစ်သည်။

တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် အဖွဲ့(၁)ခေါင်းဆောင် ဒေါ်ဆွေဆွေဦး၊ အဖွဲ့(၂) ခေါင်းဆောင် ဦးဇော်မြင့်ထွန်း၊ အဖွဲ့(၃) ခေါင်းဆောင် ဒေါ်ခင်မိုးမြင့်တို့က တာဝန်ကျကျေးရွာအုပ်စု၊ ကျေးရွာများသို့ စီမံချက်ဖြင့် နယ်မြေကွင်းဆင်းကာ မိုးသီးနှံစိုက်ပျိုးရေး၊ ဖြစ်ထွန်းအောင်မြင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ရေကြည်မြို့တွင် နံရံကပ်စာပေ ရေချမ်းစင် စာအုပ်သစ်များဖြည့်

**ရေကြည်၊ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၌ဖွင့်လှစ်ပြီး စာပေရေချမ်းစင်များအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများကမြို့ပေါ် ၁၃ နေရာနှင့်ကျေးရွာတစ်ရွာတို့ကို သွားရောက်၍ စာစဉ်အတွဲ (၂)အမှတ် (၉) စာအုပ်များ လိုက်လံဖြည့်ဆည်းခဲ့သည်။ ကြာကန်ကျေးရွာနေ ဦးသောင်းညွန့်က နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုး မွေးမြူရေး၊ ဘာသာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများပါရှိသည့်အတွက် အဆင်ပြေကောင်းမွန်သော နံရံကပ်စာပေ ရေချမ်းစင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**လှမြင့်(ပြန်/ဆက်)**

## တောင်သာမြို့နယ် ချင်းယားတောင် ကျေးရွာတွင် ရွာလုံးကျွတ် အခမဲ့ မီးလင်းပြီဖြစ်

**တောင်သာ၊ အောက်တိုဘာ ၁၃**

ကျေးလက်နေပြည်သူများ၏ နေထိုင်မှုစနစ် တိုးတက်မြင့်မားလာစေရန်အတွက် အကောင်အထည်ဖော်သည့် လုပ်ငန်းတစ်ခုအနေဖြင့်တောင်သာမြို့နယ် တံတားကျေးရွာအုပ်စု၊ ချင်းယားတောင်ကျေးရွာရှိ အိမ်ထောင်စုပေါင်း ၇၅ အိမ်ကို(3W) မီးလုံးသုံးလုံးပါ ဆိုလာမီးအိမ် ၇၅ စုံကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် နံနက် ၁၁ နာရီက အခမဲ့ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်တို့က ဆိုလာမီးအိမ်များကို ချင်းယားတောင်ကျေးရွာလုံးကျွတ် အိမ်ထောင်စုတစ်စုချင်းစီသို့ အခမဲ့ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ကျေးရွာသူဒေါ်ပြုပ်က ကျေးရွာသည် အိမ်ခြေနည်းပါးပြီး မြို့နှင့်အလှမ်းဝေးကွာကြောင်း၊ မီးရရှိသည့်ကိစ္စသည် အိပ်မက်ပင်မမက်ဘူးခဲ့ကြောင်း၊ ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်လျှင် လုံးဝဖြစ်နိုင်မည်ဟုမထင်ခဲ့ကြောင်းပြောသည်။

ထို့ပြင်ယခင်က ရွာထဲတွင် အင်ဂျင်မီး ဖြင့် ဖန်ချောင်းတစ်ချောင်းကိုတစ်လလျှင် ငွေကျပ် ၂၀၀၀ ဖြင့်အိမ်ထောင်စုအနည်း ငယ်မှ နာရီအနည်းငယ်သာရရှိခဲ့ပြီးယခုအခါ ကျေးရွာရှိ အိမ်ထောင်စုအားလုံး အချိန်မရွေး မီးရရှိတော့မည်ဖြစ်ကာ ငွေတစ်ပြားမှမကုန်ဘဲ ကျေးရွာအရောက် အခမဲ့ လာရောက်ပေးအပ်ခဲ့သောကြောင့် အဆင်ပြေနေပြီဖြစ်ကြောင်းရင်းကပြောသည်။

နိုင်ငံတော်အတွင်းနေထိုင်သော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ နိုင်ငံအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရန်အတွက် လက်ရှိအစိုးရက အစီအမံများဖြင့် အကွက်ကျကျဆောင်ရွက်ပေးလျက် ရှိပါသည်။ နိုင်ငံတော်အတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေရန်မှာ အဓိကအားဖြင့် နိုင်ငံတော်အတွင်းမှာ အများစုနေထိုင်သော ကျေးလက်နေပြည်သူများ၏ နေထိုင်မှုစနစ် တိုးတက်မြင့်မားလာမှ နိုင်ငံတစ်နိုင်ငံလုံး မြင့်မားလာမည်ဖြစ်သည်။

**ဥညသံ(တောင်သာ )**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇)၊ မြေကွက်အမှတ်(၂၀၉)၊ ဧရိယာပေ(၄၀×၆၀)၊ မြေကွက်တည်နေရာအမှတ်-(၂၀၉)၊ (၅/၂)ရပ်ကွက်၊ မြရတနာလမ်း၊ရွှေပြည်သာမြို့နယ်ရှိ ဦးအေးသိန်း+၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၄/၂၀၁၄) စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၁/၂၀၁၄) ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု၏ ၁၆-၆-၂၀၁၄ ရက်စွဲပါ တို့တင်ပြ၍ ဘီလစ် ဒေါ်ငုဝါ[၁၂/လမန(နိုင်)၀၂၉၆၃၃]မှ မြေကွက် ၏ တရားဝင်မခွဲစိတ်ရသေးသော Portion ပေ(၂၀×၆၀)ကို အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါသည်**

[illegible]

**ဒေါ်သက်ခိုင်ဦးနှင့်အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၅၁)နေ ဒေါ်ပြုံး[၁၂/အစန(ပြု)၀၀၀၆၅၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ရွှေပြည်သာမြို့နယ်၊ အမှတ်-၉၂(က+ခ)၊ ခရေလမ်း၊ ကျောင်းကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ(ယခုနေရပ်လိပ်စာ မသိသူ) ဒေါ်သက်ခိုင်ဦးနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သက်ခိုင်ဦး၏ခင်ပွန်း ဦးအငယ်လေး(ခ)ဦးတင်မြင့်နှင့် ကျွန်ုပ်အမှုသည် ဒေါ်ပြုံးမှာ မောင်နှမအရင်းတော်စပ်ကြောင်း ညွှန်ကြား သိရှိရပါသည်။ ၁၂-၁-၂၀၁၄ ရက်တွင် ဦးအငယ်လေး(ခ)ဦးတင်မြင့်နှင့် လူကြီးမင်း ဒေါ်သက်ခိုင်ဦးတို့လင်မယားမှ စပါးအရောင်းအဝယ်လုပ်ရန် ငွေကျပ်သိန်းငါးဆယ်ကိုလည်းကောင်း၊ ၇-၃-၂၀၁၄ ရက်တွင် ကားဝယ်ရန်ငွေလိုသဖြင့် ငွေကျပ် သိန်းလေးဆယ်ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ (၈)လပိုင်းအကုန်တွင် ရွှေပြည်သာမြို့နယ်ရှိ လူကြီးမင်းတို့ပိုင်ဆိုင်သော အထက်ပါလိပ်စာရှိနေအိမ်ခြံမြေအား ရောင်းချ၍ပေးဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုကာ အသိသက်သေများရှေ့တွင် ငွေကျပ်သိန်း(၉၀)ကိုနှစ်ရစ်ခွဲပြီး ချေးငှားခဲ့သည်ကို လူကြီးမင်း ဒေါ်သက်ခိုင်ဦး ကိုယ်တိုင် ငွေချေးသူအဖြစ်ပါဝင်၍ သိရှိပြီးဖြစ်ပါသည်။ ထို့ပြင် ၁၅-၇-၂၀၁၄ ရက်တွင် ကျွန်ုပ်၏အမှုသည် ဒေါ်ပြုံးပိုင်ဆိုင်သော တိုယိုတာကိုရိုနာ(ခဲပုတ် ရောင်)၁၉၉၀မော်ဒယ်(၉က-၈၄၆၇)မော်တော်ယာဉ်အား Taxi အဖြစ်အသုံးပြုနိုင်ရန် တစ်နေ့လျှင် ၈၀၀၀/-နှင့် ၁၀၀၀၀/- ကြားပေးအပ်မည်ဟုပြောဆိုကာ မော်တော်ယာဉ်အား အငှားရယူသွားခဲ့ပါသည်။ ထိုကိစ္စကိုလည်း လူကြီးမင်းဒေါ်သက်ခိုင်ဦး သိရှိပြီးဖြစ်ပါသည်။ ထို့နေ့တွင်ပင် ဒေါ်ပြုံးထံမှ လူကြီးမင်းခင်ပွန်း ငှားသွားသောမော်တော်ယာဉ်မတော်တဆမှုဖြစ်ခဲ့ပြီး ဦးအငယ်လေး(ခ)ဦးတင်မြင့် အရေးပေါ်အတွင်းလူနာအဖြစ် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနသို့တက်ခဲ့ရပါသည်။ ဒေါ်ပြုံးမှအကုန်ကျခံကုသပေးခဲ့သော်လည်း ၁၃-၉-၂၀၁၄ ရက်တွင် လူကြီးမင်း၏ခင်ပွန်း ကွယ်လွန်ခဲ့ကြောင်းသိရှိရပါသည်။ ဦးအငယ်လေး(ခ)ဦးတင်မြင့်၏ စျာပနတွင်မမျှော်လင့်ဘဲ ဖြစ်ပေါ်ခဲ့သော မတော်တဆမှုများကြောင့် လူကြီးမင်းဒေါ်သက်ခိုင်ဦးနှင့် ကွယ်လွန်သူဦးအငယ်လေး(ခ)ဦးတင်မြင့် ချေးယူထားသော ငွေကြေးများကို(၈)လပိုင်း (၂၀၁၄)ခုနှစ်အကုန်တွင် ပြန်လည်မပေးဆပ်နိုင်ခြင်းအပေါ် လူကြီးမင်း ဒေါ်သက်ခိုင်ဦးမှ ဒေါ်ပြုံးအားတောင်းပန်ပြီး ချေးငွေကျပ်သိန်း(၉၀၀၀၀၀၀/-)နှင့် ကားဖိုးငွေ နစ်နာကြေး(၄၇၅၀၀၀၀/-)ကျပ်စုစုပေါင်းငွေကျပ် ၁၃၇၅၀၀၀၀/-၊ ၁-၁၀-၂၀၁၄ ရက်တွင် မပျက်မကွက်ပေးဆပ်မည်ဟု အသိသက်သေများရှေ့ ဝန်ခံကတိပြုခဲ့ပါသည်။ သို့သော် ထို့နောက်လူကြီးမင်း ဒေါ်သက်ခိုင်ဦးသည် ရွှေပြည်သာရှိ နေအိမ်ခြံမြေအားသော့ပိတ်၍ ရှောင်တိမ်းသွားခဲ့ကြောင်း ညွှန်ကြားသိရှိရသည်။ ၁-၁၀-၂၀၁၄ ရက်တွင်လည်း ကျွန်ုပ်၏အမှုသည် ဒေါ်ပြုံးထံသို့ ပြန်လည်ပေးအပ်ရမည့်ချေးငွေများ၊ ကားဖိုးငွေ နစ်နာကြေးငွေများ လာရောက်ပေးဆပ်ခြင်းမရှိကြောင်း ညွှန်ကြားသိရှိရသည်။ ထို့ကြောင့် ယခုအကြောင်းကြားစာ ကြော်ငြာသတင်းစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကြီးမင်း ဒေါ်သက်ခိုင်ဦး စာရင်းရှင်းလင်းပေးအပ်ရန်ရှိသော ငွေကျပ် ၁၃၇၅၀၀၀၀/-အား ကျွန်ုပ်အမှုသည် ဒေါ်ပြုံးထံသို့ဖြစ်စေ ကျွန်ုပ်ထံသို့ဖြစ်စေ၊ အပြည့်အဝလာရောက်ပေးဆပ်ရန်နှင့် ပေးဆပ်ရန်ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သက်ခိုင်ဦးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပြုံး၏ လွှဲအပ်ညွှန်ကြားချက်အရ- ဦးသီဟ(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ

စီးပွားရေး၊ ပြစ်မှုကြောင်း၊ တရားမကြောင်းနှင့်နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာအထူးအကြံပေး **Chitlawfirm@gmail.com**

စုပေါင်းရုံးဝင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

အိမ်အမှတ်(၆၁၅/က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၇၃၁၁၇၉၄၁၊ ၀၉-၂၅၄၁၈၇၉၅၀

## ထီးချိုင့်မြို့နယ်တွင် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်

**ထီးချိုင့်၊ အောက်တိုဘာ ၁၃**

ကသာခရိုင်၊ ထီးချိုင့်မြို့နယ် ပညာရေးဌာနသည် ကလေးဗဟိုပြုချဉ်းကပ်မှုကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မူလတန်းအဆင့် ကျောင်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စနစ်ကို ပြုစုတည်ထောင်ရန်ရည်ရွယ်၍ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက အ. ထ. က ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍မြို့နယ်ပညာရေးမှူး ဦးတင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် မိမိတို့ဝန်ထမ်းများ၏ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့သည် နောင်အနာဂတ်တာဝန်ကို ပခုံးပြောင်းယူပေးမည့် အခြေခံအုတ်မြစ်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထီးချိုင့် အ. ထ. က တွင် အဆိုပါကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ၁၂ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး နံနက် ၈ နာရီမှ ညနေ ၄နာရီထိ ပို့ချသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းသို့မြို့နယ်အတွင်းရှိ အ. မ. က ကျောင်းအုပ်များ၊ မူလတန်းပြများ၊ အလယ်တန်းပြ-၂ နှင့် အလယ်တန်းပြ -၃ အဆင့်ရှိ ဆရာ၊ဆရာမ ၆၄၀ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ခဲ(ပြန်/ဆက်)**

## သာစည်မြို့နယ်ရှိ မြို့ကြိုဆိုရေးဆိုင်းဘုတ်အား ခံ့ညားထည်ဝါသည့် ဆိုင်းဘုတ်အဖြစ် ပြောင်းလဲ စိုက်ထူပေးရန် မြို့ခံလူထုမှ လိုလားနေ



**သာစည်၊ အောက်တိုဘာ ၁၃**

သာစည်မြို့နယ်၏ မြို့ကြိုဆိုရေးဆိုင်းဘုတ်မှာ မြေပြင်အထက် လေးပေခန့်သာမြင့်ပြီး ပုဝပ်နေသဖြင့် မြင်ကွင်းမလှဖြစ်နေသည့်အပြင် စက္ကူပန်းပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ဖုံးကွယ်နေသဖြင့် မြို့အဝင်ကြိုဆိုရေးဆိုင်းဘုတ်ကို ထင်သာမြင်သာအောင်၊ မြင်ကွင်းကြည့်ရှုမှုကောင်းအောင် ခံ့ညားထည်ဝါမှုရှိစေရန် အသစ်ပြန်လည်ပြုပြင်စိုက်ထူပေးသင့်ကြောင်း ဒေသခံမြို့လူထုက ပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၏ မြို့ကြိုဆိုရေးဆိုင်းဘုတ်မှာ မြို့အရှေ့ဘက် မြို့အဝင် တံတားဦးဘုန်းတော်ကြီးကျောင်းအနီး၊ မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး-တာချီလိတ်သွား ကားလမ်းမဘေးတွင် စိုက်ထူထားသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ မိမိနေထိုင်ရာမြို့၏ မြို့အမည်များကို ခရီးသွားများ သိရှိနိုင်ရေးအတွက် မြို့တိုင်းတွင် မြို့ဝင်မြို့ထွက်များ၌ ခန့်ညားထည်ဝါလှပသော မြို့ကြိုဆိုရေးဆိုင်းဘုတ်များကို စိုက်ထူထားလေ့ရှိသည်။

**မောင်ကို(သာစည်)**

## တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တိုက်ကြီးမြို့နယ်အတွင်းရှိ ရေလုပ်သားများအား ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**ရန်ကုန်၊ အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းတွင် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ တိုက်ကြီးမြို့နယ်အတွင်းရှိ ရေလုပ်သားများသို့ ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးအပ်ခြင်း အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုက်ကြီးမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင့်အောင်က ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ တက်ရောက်လာသော ရေလုပ်သား ၁၆၀ ဦးကို တစ်ဦးလျှင် ကျပ် ၃၇၀၀၀ ကျော်တန်ကြေးရှိ ငါးဖမ်းပိုက်၊ ခဲသီး၊ ကြိုး၊ ဘောသီးများကို တာဝန်ရှိသူများက အခမဲ့ပေးအပ်ခဲ့သည်။

ထို့ပြင် တိုက်ကြီးမြို့နယ်ရှိ ငါးရှဉ့်ထောင်သူများကို တစ်ဦးလျှင် ငါးရှဉ့်ထောင်မြုံး အလုံး ၂၀ နှုန်း၊ မြုံးပေါင်း ၁၂၀၀၀ ကို ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရေလုပ်သားများ တက်ရောက်ကြကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးလက်နေရေလုပ်သားများ အားဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ ငါးဖမ်းပိုက်နှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ထီးချိုင့်၊ အောက်တိုဘာ ၁၃**

ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို တည်တောကျေးရွာအုပ်စု၌ အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်လေးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံလယ်သမားများ တက်ရောက်ကာ စပါးစိုက်ဧက ၆၀ ဧကရှိ စပါးခင်းများအတွင်းသို့ ငါးခုံးမအကောင်ရေ ၂၀၀၀၀၊ တီလားဗီးယား ၁၀၀၀၀ နှင့် ငါးမျိုးစုံ စုစုပေါင်း ငါးကောင်ရေ ၉၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဆွေဇင်မြင့်(ပြန်/ဆက်)**

## ဂန့်ဂေါမြို့နယ်အတွင်းရှိ ချောင်းကူး၊မြစ်ကူးတံတားများ ဆောက်လုပ်ပြုပြင်သွားရန် တင်ဒါပေးထားပြီးဖြစ်

**ဂန့်ဂေါ၊ အောက်တိုဘာ ၁၃**

ဂန့်ဂေါဒေသအတွင်း မြစ်ချောင်းများကို လွယ်လင့်တကူ ဖြတ်ကျော်သွားလာနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ဒေသခံများသွားလာရေးအတွက် လိုအပ်လျက်ရှိသည့် မြစ်သာမြစ်ကူးတံတားနှစ်စင်းကို ဆောက်လုပ်သွားမည်ဖြစ်ကာ ချောင်းဖြတ်တံတား ရှစ်စင်းတို့ကို ပြုပြင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများကို ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တံတားဆောက်လုပ်ရေး အထူးအဖွဲ့ (၃) တို့က တာဝန်ယူဆောက်လုပ်သွားကြမည်ဖြစ်ပြီး မြစ်သာမြစ်ကူးတံတားကြီးများ ဆောက်လုပ်ရန် တင်ဒါပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြစ်သာမြစ်ကူးတံတားကို ပခုက္ကူ-ထီးလင်း-မင်းရွာ- ဂန့်ဂေါကားလမ်း မင်းရွာ ကျေးရွာအနီးနှင့် ပို-အောင်မြင်ကျေးရွာများအနီးတို့တွင် ဆောက်လုပ်သွားမည်ဖြစ်ရာ ပြုပြင်ဆောင်ရွက်သွားမည့် တံတားရှစ်စင်းမှာ ကျောက်ဆင်ချောင်းတံတား၊ စက်နီးချောင်းတံတား၊ မဲချောင်းတံတား၊ အိုင်းချစ်တံတား၊ ပေါ်လယ်ချောင်းတံတား၊ တိုချောင်းတံတား၊ ကွမ်းဇဲချောင်းတံတားနှင့် ခေါက်ခူတံတားတို့ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်သည် ပုံတောင်၊ ပုံညာတောင် တောင်တန်းကြီးများနှင့် ချင်းတောင်တန်းကြားတွင် တည်ရှိပြီး တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်ဒေသသို့ စီးဆင်းသည့် မြစ်သာမြစ်မှာ အလျားလိုက်ဖြတ်သန်းစီးဆင်းခြင်းနှင့် ချောင်းကြီး၊ ချောင်းငယ်များပေါများကာ မိုးရာသီတွင်အဆိုပါမြစ်ချောင်းများကို ခက်ခဲစွာဖြတ်ကျော်သွားလာရသည့်ဒေသဖြစ်သည်။

**(၄၆၅)**

တစ်နှစ်တာလုံး ကံကောင်း လာဘ်ရွှင်စေမည့် အောင်နိမိတ် အဆောင်ပုံများနှင့်တကွ
၂၀၁၅ ခုနှစ် မဟာဗေဒ တဲကျော အခါတော်ပေးပြက္ခဒိန်

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- L ၁၇(၆၀)၊ မြေကွက်အမှတ်(၁၉၀၆)(၁၉၀၇)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)+(၄၁×၆၀)ပေရှိ နှစ်(၆၀)အငှားဂရန်မြေကွက်(၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ချိုချိုလွင်[၁၂/ပဘတ(နိုင်)၀၂၀၇၅၉]က ရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု တာဝန်ယူဝန်ခံရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ခိုင်မာသည့် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးမော် **(B.Sc, H.G.P, D.B.L, D.A.Psy)**
အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)
အမှတ်(၂၆၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၂၅၀၀၁၁၇၇၆

### အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၅၃/စီ)နေ ဒေါ်မေမြင့်(ခ)ဒေါ်မေသန်း[၁၂/တမန(နိုင်)၀၄၉၈၂၉]မှ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၂၈)လမ်း၊ အမှတ်(၄၁)နေ ဦးကျော်ခိုင်လင်း[၁၂/ပဘတ(နိုင်)၀၀၃၄၀၇]အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၉-၅-၂၀၁၄ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၅၃၁)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့သည်ကို ယနေ့ ၅-၁၀-၂၀၁၄ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဦးကျော်ခိုင်လင်းနှင့် အများ သိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှသီ
**B.A(Law), LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)
ဖုန်း-၀၉-၄၃၀၇၂၄၄၂

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဘူမှာ(၁၈)လမ်း၊ မြေကွက်အမှတ်(၁၂၉၁)၊ အကျယ်အဝန်းပေ(၄၀×၆၀) နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀×၆၀)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်လှကျော်[၁၂/ဥကမ(နိုင်)၀၈၄၅၁၈]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးသက်ထွန်း [၉/မရမ(နိုင်)၀၀၁၀၄၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချိုနွယ်ဦး **(LL.B,DBL)**
အထက်တန်းရှေ့နေ(စဉ်-၃၆၈၁၉)
ဆ/၁၇၆၊ သုနန္ဒာ(၁၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၃၀၆၆၀၅၀

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက် (၇၀) ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ် မိသားစု**
**ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

မန္တလေးမြို့နေ (ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ ဦးမောင်မောင်-ဒါယိကာမ ဒေါ်ကြင်ကြင်)တို့၏သမီး၊ (ဒါယကာ ဦးစံတင်-ဒါယိကာမ ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး၊ ဒေါက်တာမောင်မောင်ဆွေ-ဒေါ်မိုးမိုးအေး၊ ဦးဇော်မင်းအေး-ဒေါ်အေးမာအောင်၊ ဗိုလ်မှူးဥက္ကာအေး(ငြိမ်း)-ဒေါ်မေပုလဲအောင်ကိုတို့၏မိခင် ဘုရား၊ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ (စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) သည် ၁၁-၁၀-၂၀၁၄ရက် ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ကျေးဇူးရှင်ဆရာသမားဖြစ်သူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက် (၇၀)သည် ၁၁-၁၀-၂၀၁၄ရက် ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာအောင်နှင့် ဇနီး ဒေါ်သူဇာဝေ**
**ပြည်ထောင်စုဝန်ကြီး**
**စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီးသည် ၁၁-၁၀-၂၀၁၄(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး**
